မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၂၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ရောက်ရှိစေရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်တိုင်ပါဝင်လျှောက်လှမ်းလိုသည့်ဆန္ဒရှိကြ

ယနေ့ရရှိပြီးဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်း ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီးအောင်မြင်ရေး မဆုတ်မနစ်ကြိုးပမ်း

နေပြည်တော် မေ ၁၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မေ ၁၈ ရက် နံနက် ၈ နာရီတွင် တပ်မတော်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် သံတွဲမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သံတွဲလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ စရိတ်သက်သာပြီး ကျေးရွာတိုင်းမီးလင်းစေရေးအတွက် တာရှည်အသုံးခံသည့် ဇီဝဘက်ထရီများကို ကျေးရွာတိုင်း အသုံးပြုနိုင်ရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သူ့ဌေးရေအားလျှပ်စစ် စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

20-5 (01).pmd 1 5/20/2009, 2:32 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၂၀ ရက်)

ပြည်ထောင်စုတစ်ဝန်း ကူးလူးဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ရထားလမ်းနှင့် တံတားများ တိုးမြှင့်ဖောက်လုပ် တည်ဆောက်

ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး တံတားနှင့် ရထားလမ်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်နယ်နှင့်တိုင်းအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် နိုင်ငံတော် ရထားလမ်း ကွန်ရက်ကြီးကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့အကောင်အထည်ဖော်ရာ၌ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းရှိ မကွေးတိုင်းနှင့် မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ဆက်သွယ်သည့် ရထားလမ်းစီမံကိန်းဖြစ်သည်။ အဆိုပါ ရထားလမ်းသည် ခရီးမိုင် ၂၅၇မိုင်ခန့်ရှိပြီး ဥမင်လိုဏ်ခေါင်းများ၊ တံတားကြီးများဖြင့် ဆင်ခေါင်း-ပဒါန်း-နတ်ရေကန်တောင်-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်မြို့များသို့ ဖြတ်သန်းဖောက်လုပ်မည် ဖြစ်သည်။

ရထားလမ်းဖောက်လုပ်ပြီးစီးသွားပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသည် မြန်မာနိုင်ငံရှိ ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်မည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းများ၏ လူမှုစီးပွားဘဝ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုလာနိုင်မည် ဖြစ်သည်။

ကားနှင့်ရထား ယှဉ်တွဲဖြတ်သန်းနိုင်မည့် တံတားဖြစ်သည့် သယု(ပဲပဒုံ)တံတားသည် ရခိုင်ပြည်နယ်အတွင်း တည်ဆောက်မည့်တံတားဖြစ်ပြီး ယင်းတံတားပြီးစီးပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသည် မကွေးတိုင်းမှတစ်ဆင့် ပြည်နယ်နှင့် တိုင်းအသီးသီးသို့ လွယ်ကူချောမွေ့စွာ သွားလာရောင်းဝယ် ဖောက်ကားနိုင်မည်ဖြစ်သည်။

ကသာ-ဗန်းမော် မီးရထားလမ်းပေါ်၌ တည်ဆောက်မည့် ဧရာဝတီမြစ်ကူးတံတား(စင်းခန်း)သည် ကားလမ်းနှစ်လမ်းနှင့် မီးရထားလမ်း ယှဉ်တွဲပါဝင်မည့် တံတားဖြစ်ပြီး ဧရာဝတီမြစ်ကို အရှေ့နှင့်အနောက် ဖြတ်ကျော်မည့် ရထားလမ်းနှင့် ကားလမ်း တံတားသစ်အဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း တိုင်းရင်းသားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံရေး လွယ်ကူချောမွေ့စေရန် ရထားလမ်းများ၊ တံတားများကို တိုးမြှင့်ဖောက်လုပ်တည်ဆောက်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းလက်တွဲ ပါဝင်ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၅။ **မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ လျှပ်တစ်ပြက်
၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၉)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့်ပန်းနှင်းဆီ** (အပိုင်း-၂၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ICT သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျန်ကျောင်း** (အပိုင်း-၁၀)

သီရိမင်္ဂလာ ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁၇ရက် ညနေပိုင်းက စစ်ကိုင်းမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကိုမှာကြားကာ လုပ်ငန်းခွင်ရှိ တာဝန်ခံအင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

သီရိမင်္ဂလာခုံးကျော်တံတား

သီရိမင်္ဂလာခုံးကျော်တံတားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး အရှည်၄၈၅ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၈ပေ၊ လူသွားလမ်းတစ်ဖက်လျှင် လေးပေစီပါရှိပြီး ရထားလမ်း ကင်းလွတ်အမြင့် ၁၇ပေ၊ အကျယ် ၅၂ပေရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေရရှိရေး ကွင်းဆင်းဆောင်ရွက်

မြို့သစ် မေ ၁၉

မကွေးတိုင်း မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ် စီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိရာ မေ ၄ရက်က စီမံကိန်းဝင်ကျေးရွာများတွင် ဆောင်ရွက်ပေးပြီးဖြစ်သည့် ရေတွင်းများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အစဉ်အမြဲအသုံးပြုနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့က ကွင်းဆင်းစစ်ဆေးလျက် ကျေးရွာရေရရှိရေးကော်မတီများနှင့် ညှိနှိုင်းပြင်ဆင် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ်စည်ပင် ရေနုတ်မြောင်းတူးဖော်

မိုးညှင်း မေ ၁၉

မိုးညှင်းခရိုင် မိုးညှင်းမြို့သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၇ရက်ကပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ရှိရေမြောင်းများတူးဖော်ခြင်း၊အမှိုက်သရိုက်များသိမ်းဆည်းခြင်း၊ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ကြပ်မတ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်ကြကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် +ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အဓိမာနနှင့် ငြိမ်းအေးခြင်း** တရားတော်(ထူးကြီးဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၆)
၈:၃၀ Industrial Talk
၉:၀၀ မပြုမပြင် သဘာဝအသွင် ကျန်းမာရေးအတွက်မြကျောက်ရေစင်
၉:၁၀ **အသိစိတ်ကလေး အရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၉:၂၅ အသက်ပေါင်းများစွာ ကယ်တင်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့ (ဒေါက်တာခင်မောင်လွင်)
၉:၄၅ သွင်းကုန်အစားထိုး လျှပ်စစ်ဓာတ်အိုး
၁၀:၀၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Happy House)
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၀ သိစေချင်သည် ICT (sm³ software အကြောင်း သိကောင်းစရာ)
၁၁:၀၀ ဗီဒီယိုပြခန်း
၁၁:၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ဂရုစိုက်ကာကွယ် မျက်စိအန္တရာယ်)
၁၂:၀၀ ခြားနားစွမ်းသူတို့၏ ချောင်းသာခရီး
၁၂:၂၀ တေးဂီတအစီအစဉ်
၁၂:၄၀ Activities in the City (Latacyd)
၁:၀၀ **အဓိမာနနှင့် ငြိမ်းအေးခြင်း** တရားတော်(ထူးကြီးဆရာတော် ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၃:၀၀ စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
၃:၁၅ ဓာတ်ပုံထဲမှအမှတ်တရများ (ရည်မွန်)
၃:၃၀ နယဉ်ဆန်းထွင်ပန်းအလှဆင် (L ပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၃:၅၅ ရဲယိုနှင့်ကျန်းမာရေး
၄:၀၅ တေးဂီတအစီအစဉ်
၄:၂၀ "စိတ်"မှစတဲ့ သုံးထပ်ကွမ်း အကယ်ဒမီဆုရှင် "ဝါဝါဝင်းရွှေ"
၅:၀၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Happy House)
၅:၁၅ သိစေချင်သည် ICT (sm³ software အကြောင်း သိကောင်းစရာ)
၅:၃၅ Sports World
၆:၀၀ MRTV-4 သတင်း
၆:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၄၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၆:၅၅ Worlds of Knowledge (Super Pride)
၇:၄၅ ဓာတ်ပုံထဲမှ အမှတ်တရများ (ရည်မွန်)
၈:၀၀ MRTV-4 သတင်း
၈:၁၅ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၈:၂၅ ရဲယိုနှင့် ကျန်းမာရေး
၈:၃၀ ဗီဒီယိုပြခန်း
၉:၀၀ Sports World
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား (အပိုင်း-၆)
၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅ သွင်းကုန်အစားထိုး လျှပ်စစ်ဓာတ်အိုး
၁၂:၀၀ Worlds of Knowledge (Super Pride)
၁၂:၅၀ စနစ်တကျစိုက်ပျိုး သစ်ခွအမျိုးမျိုး
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ လှိုင်ရတနာအိမ်ရာ ဖလမ်းအမှတ်၅၂နေ ဒုတိယဗိုလ်မှူးကြီး ဉာဏ်ထွန်း(ငြိမ်း)က မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်နှစ်သိန်းကို ဇနီး ဒေါ်မြင့်မြင့်သန်းနှင့် သမီး မနှင်းမာလာထွန်းတို့ လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါရဂူ ဗိုလ်မှူးကြီး မျိုးညွန့်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

■ *ကျော်ဖုံးမှ*

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ နိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ပုဂ္ဂလိကဘဏ် များနှင့် ဦးဆောင်ကုမ္ပဏီများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တို့မှ ကိုယ်စားလှယ်များ၊ ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများ၊ ပဲမျိုးစုံ ပို့ကုန် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အခြေခံ ကောင်းများရှိသကဲ့သို့ နိုင်ငံတော်၏အားပေး ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ ပဲစိုက်ဧကမှာ တိုးတက်လာခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်၌ ပဲစိုက်ဧက ၁၀ ဒသမ ၅သန်းကျော်ရှိလာကာ ရောင်းချမှုအနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်လည်း မက်ထရစ်တန် ၁ ဒသမ ၅သန်းကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈၀၆ သန်းရရှိခဲ့ကြောင်း၊ ယခု ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင်လည်း ပဲမျိုးစုံစိုက်ဧက ၁၀ ဒသမ ၅သန်းကျော်စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း။

ပြောင်းလဲစိုက်ပျိုး

ထို့ပြင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပဲမျိုးစုံအပါအဝင် အဓိက သီးနှံ ၁၀မျိုးကို စိုက်ဧကတိုးချဲ့ရုံသာမက တစ်ဧကကို သတ်မှတ်ထားသည့် ပန်းတိုင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ခင်းကျင်းပြသထားသည့် ပြည်ပဈေးကွက် ပဲမျိုးစုံ နမူနာများ၊ ပိုးသတ်ဆေးများနှင့် ကုမ္ပဏီများမှ သွင်းအားစုအဖြစ်တင်သွင်းသည့် ဓာတ်မြေ သြဇာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုးမြှင့်လာရေး

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန် စပါးနှင့် ဆီထွက်သီးနှံအပါအဝင် နိုင်ငံတော်၏ အဓိကသီးနှံများ၊ စက်မှု ကုန်ကြမ်းသီးနှံများနှင့် အမယ်သစ် သီးနှံ များ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်လာစေ ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် အဓိကသီးနှံ ၁၀မျိုး တွင်ပါဝင်သော ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ် ရေး၊ ပဲဈေးနှုန်း မှန်ကန်တည်ငြိမ်ရေးနှင့် ပြည်ပဈေးကွက် ရေရှည်ခိုင်မာရေးတို့ အတွက် ပဲမျိုးစုံလုပ်ငန်းနှင့် ဆက်စပ်ပါဝင် ဆောင်ရွက်နေကြသူများအားလုံး တွေ့ဆုံ ညှိနှိုင်းဆွေးနွေးကြမှာ ဖြစ်ကြောင်း။

အထွက်နှုန်းများအတိုင်း ပြည့်မီထွက်ရှိရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ကြောင်း၊ ပဲမျိုးစုံ ပန်းတိုင်အထွက်နှုန်းရရှိ ရေးအတွက်လည်း သီးနှံအလိုက် သုတေ သနပြု ဖော်ထုတ်ထားသည့် အရည်အသွေး ကောင်း ပဲမျိုးသစ်များဖြင့် အစားထိုး ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်း။

ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပ တင်ပို့ရောင်းချမှု ဖွံ့ဖြိုးလာရေးအတွက် ပြည်ပဈေးကွက်၏ လိုအပ်ချက်နှင့်အညီ အရည်အသွေးကောင်းသော ပဲအမျိုးအစား ကို မှန်မှန်ကန်ကန် ရွေးချယ်စိုက်ပျိုးသွား ရန် အရေးကြီးကြောင်း၊ ထို့ပြင် ဝယ်ယူ သိုလှောင်မှုနှင့် သန့်စင်မှု စနစ်ကျန ကောင်းမွန်ရေး၊ ဝယ်ယူသူ ဖောက်သည် များ၏ ယုံကြည်မှုရရှိရေးတို့ကို ကြိုးပမ်း ဆောင်ရွက်ရင်း ဈေးနှုန်းမှန်ကန် တည်ငြိမ် ရေး၊ ရရှိပြီးသောဈေးကွက် ရေရှည်တည်တံ့ ရေး၊ ဈေးကွက် ထပ်မံတိုးချဲ့ရေးတို့ကို ဦးတည်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် ပဲမျိုးစုံကို သမားရိုးကျ တင်ပို့ ရောင်းချမှုမျိုးမဟုတ်ဘဲ တန်ဖိုးမြှင့်တင်ပြီး တင်ပို့ရောင်းချသွားနိုင်ရန်လည်း လိုအပ် ကြောင်း။

တက်ညီလက်ညီ

မိမိတို့နိုင်ငံသည် ပဲမျိုးစုံအများဆုံး တင်ပို့ရောင်းချနေသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ပြီး ကမ္ဘာ့အဆင့် ပဲလုပ်ငန်းကို ဆောင် ရွက်နေသော နိုင်ငံဖြစ်သည်ကို အလေး ဂရုပြုရန် အရေးကြီးကြောင်း၊ ပဲစိုက်ပျိုး ထုတ်လုပ်ရောင်းချမှုတစ်ခုလုံးကို ဟာကွက် မရှိ ကွင်းဆက်မိနေစေရန် နိုင်ငံတော် အစိုးရနှင့်အတူ စိုက်ပျိုးတောင်သူများ၊ ကုန်သည်/လုပ်ငန်းရှင်များက တက်ညီ လက်ညီ ဝိုင်းဝန်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

အမြဲမပြတ်လေ့လာ

စိုက်ပျိုးသူများ၊ ဝယ်ယူရောင်းချသည့် ကုန်သည်များ၊ ပြည်ပတင်ပို့ရောင်းချသူများ အကြား လစ်ဟာနေမှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ အသင်းချုပ်နှင့် ပဲနှမ်းကုန်သည် လုပ်ငန်းရှင်များက ဆက်စပ် ညှိနှိုင်း ပေါင်းစပ်ပေးကြရန် လိုအပ်ကြောင်း၊ ပဲမျိုး စုံနှင့်ပတ်သက်ပြီး နှစ်အလိုက် ကမ္ဘာ့နိုင်ငံ များ၏ စိုက်ပျိုးထုတ်လုပ်နိုင်မည့် အခြေ အနေ၊ ဈေးကွက်ပြောင်းလဲဖြစ်ပေါ်မှုအခြေ အနေနှင့် ဈေးကွက်အလိုက် လိုအပ်ချက် များကို အမြဲမပြတ်လေ့လာ သုတေသန ပြုပြီး စိုက်ပျိုးသူများအပါအဝင် ပဲလုပ်ငန်း ဆောင်ရွက်သူများထံအရောက် သတင်း ဖြန့်ချိပေးသွားရန်လည်း လိုအပ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မိမိတို့နိုင်ငံသည် ပဲမျိုးစုံ အများ ဆုံး တင်ပို့ရောင်းချနေသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ပြီး ကမ္ဘာ့အဆင့် ပဲလုပ်ငန်းကို ဆောင်ရွက်နေသော နိုင်ငံဖြစ်သည်ကို အလေးဂရုပြုရန် အရေးကြီး၊ ပဲစိုက်ပျိုး ထုတ်လုပ် ရောင်းချမှုတစ်ခုလုံးကို ဟာကွက်မရှိ ကွင်းဆက်မိနေစေရန် နိုင်ငံတော် အစိုးရနှင့်အတူ စိုက်ပျိုးတောင်သူ များ၊ ကုန်သည်/လုပ်ငန်းရှင်များက တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက် ကြရမှာဖြစ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်တက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများ ရိုးရာဝတ်စုံများဝတ်ဆင်ကာ အရွယ်ရောက်လာမှု အထိမ်းအမှတ်ပွဲ ကျင်းပလျက်ရှိသည်ကို မေ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ဩစတြေးလျတွင် တည်ဆောက်သွားမည်

ဆစ်ဒနီ မေ ၁၉

ဩစတြေးလျနိုင်ငံက ဩစတြေးလျဒေါ်လာ ၁ဒသမ၄ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ဒသမ ဝ၅ဘီလီယံ)ရင်းနှီးမြှုပ်နှံကာ မဂ္ဂါဝပ် ၁၀၀၀ထုတ်လုပ်နိုင်သည့် ကမ္ဘာ့အကြီးဆုံး နေရောင်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း ဩစတြေးလျဝန်ကြီးချုပ် ကယ်ဗင်ရတ်က မေ ၁၇ရက်တွင် ပြောကြားသည်။

ယခုတည်ဆောက်မည့် ဓာတ်အားပေးစက်ရုံ၏ စွမ်းအားသည် လက်ရှိအမေရိကန်မှ ကယ်လီဖိုးနီးယားဓာတ်အားပေးစက်ရုံ၏ စွမ်းအားထက် သုံးဆပိုမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရတ်က ထုတ်ဖော်ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရေးဂိတ်၌ အနံ့ခံခွေးကို အသုံးပြုကာ အီရတ်တပ်ဖွဲ့ဝင်တစ်ဦးက ဗုံးရှာဖွေရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို မေ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

A/H1N1 တုပ်ကွေးဖြစ်ပွားသူ ဦးရေ ဗြိတိန်၌ ၁၀၁ဦးအထိတိုးလာ

လန်ဒန် မေ ၁၉

ဗြိတိန်နိုင်ငံတွင် A/H1N1တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၄ဦး ထပ်မံစမ်းသပ်တွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက အတည်ပြုလိုက်သောအခါ ဗြိတိန်နိုင်ငံတစ်ဝန်း A/H1N1 တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၁၀၁ဦးမက ရှိသွားပြီဖြစ်သည်ဟု ဆိုသည်။ ထပ်မံ၍ ရောဂါစမ်းသပ်တွေ့ရှိရသူ ၁၄ဦးအနက် ၁၀ဦးမှာ လန်ဒန်မြို့မှဖြစ်ပြီး သုံးဦးမှာ အင်္ဂလန်အရှေ့တောင်ပိုင်းမှဖြစ်ကာကျန်တစ်ဦးမှာ အင်္ဂလန်အရှေ့ပိုင်းမှဖြစ်သည်။ (အင်တာနက်)

စီးပွားရေးအကျပ်အတည်းကြောင့် အမေရိကန်တွင် ကလေးငယ်များ ထိခိုက်နစ်နာခဲ့ရ

ချီကာဂို မေ ၁၉

အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးအကျပ်အတည်းကျရောက်မှုကြောင့် ကလေးငယ်များ၏ လုံခြုံမှု၊ ပညာရေးနှင့်ကျန်းမာရေးဌာနတွင် ဆယ်စုနှစ်များစွာ အောင်မြင်မှုရရှိနေမှုများ လျော့ကျကာ ကလေးငယ်များ ထိခိုက်နစ်နာခဲ့ကြကြောင်း မေ၁၈ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

၂၀၀၇ခုနှစ်နောက်ပိုင်းတွင် ယင်းအကျပ်အတည်း ကျရောက်ခဲ့သဖြင့် အမေရိကန်လုပ်ငန်းပေါင်း ငါးသန်းခန့် ပျက်စီးခဲ့ရပြီး ကလေးငယ်များ ဆိုးရွားစွာ ထိခိုက်နစ်နာခဲ့ကြောင်း ဆက်လက်ဖော်ပြသည်။

ဖော်ပြ

၁၉၇၅ခုနှစ်နောက်ပိုင်း မိသားစုစီးပွားရေးကြွယ်ဝမှုသည် ကွယ်ပျောက်သွားပြီဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အဆိုပါအစီရင်ခံစာကို လူငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအဖွဲ့က ကမကထပြုကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီရင်ခံစာက စီးပွားရေးအကျပ်အတည်းကြောင့် ဆယ်ကျော်သက်လူငယ်များနှင့် ကလေးငယ်များ၏ ကျန်းမာရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ထိခိုက်နစ်နာခဲ့ရသည်ဟု ဖော်ပြသည်။ မိသားစုများ၏ ဝင်ငွေသည် ၂၀၀၇ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၉၂၀၀ မှ ၂၀၁၀ပြည့်နှစ်တွင် ဒေါ်လာ ၅၅၇၀၀အထိ ကျဆင်းခဲ့သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် အလယ်ပိုင်းတွင် တံတားတစ်စင်း ပြိုကျမှုဖြစ်ပွားပြီးနောက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို မေ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်၏ ဆန်တင်ပို့ရောင်းချမှု ယခုနှစ်အတွင်း စံချိန်တင်မြင့်တက်

ဟန်္နွိုင်း မေ ၁၉

ဗီယက်နမ်နိုင်ငံက ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ဆန်တန်ချိန် ၂ဒသမ ၅၇သန်းကို ပြည်ပသို့ တင်ပို့ရောင်းချပြီးဖြစ်ကြောင်း၊ ဆန်ရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ဝ၅ဘီလီယံရှိကြောင်း မေ ၁၈ရက်က ဗီယက်နမ်စားနပ်ရိက္ခာအသင်း၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ဖော်ပြ

မေလပထမရက်သတ္တ နှစ်ပတ်အတွင်းတွင် ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၁၇ဒသမ၆၂သန်းဖိုး ဆန် ၂၈၀၈၂၇တန် တင်ပို့ရောင်းချခဲ့ရကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

များပြား

ကမ္ဘာ့စီးပွားရေး ကျဆင်းနေသော်လည်း ဗီယက်နမ်နိုင်ငံကမှ ဆန်ပြည်ပတင်ပို့ရောင်းချမှုတွင် စံချိန်တင်မြင့်တက်လျက်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

A/H1N1 တုပ်ကွေးရောဂါကြောင့် နယူးယောက်စီးတီးတွင် ကျောင်းကိုးကျောင်း ပိတ်ထား

နယူးယောက် မေ ၁၉

အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီးတွင် A/H1N1တုပ်ကွေးရောဂါနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ရမှုကြောင့် ကျောင်းသုံးကျောင်းကို ထပ်မံ၍ ယာယီပိတ်ခဲ့ရသဖြင့် ပိတ်ထားရသည့်ကျောင်းပေါင်း ကိုးကျောင်းရှိသွားပြီဖြစ်ကြောင်း နယူးယောက်စီးတီးက မေ ၁၇ရက်တွင် ကြေညာသည်။

မိမိတို့အနေဖြင့် ကျောင်းတက်ပျက်ကွက်မှုရှိသည့်အနေဖြင့် တုပ်ကွေးကဲ့သို့သော အဖျားရောဂါ ဖြစ်ပွားမှုအပေါ် နေ့စဉ်စောင့်ကြပ်ကြည့်ရှုနေပြီး နောက်ထပ်ကျောင်းသုံးကျောင်းကို ပိတ်သင့်သည်ဟု ဆုံးဖြတ်ကာ ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု နယူးယောက်စီးတီးကျန်းမာရေးဌာနမှ စကော့ဟာပါက ပြောကြားသည်။

ကျောင်းတစ်ကျောင်းတွင် A/H1N1တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု အခိုင်အမာပြောကြားသည်။ ယင်းရောဂါဖြစ်ပွားသူများတွင် လက်ထောက်ကျောင်းအုပ် မစ်ချယ်ဝီနာသည် မေ ၁၇ရက် ညနေက သေဆုံးခဲ့သည်။ နယူးယောက်ပြည်နယ်တွင် ယင်းရောဂါဖြင့် ပထမဆုံး သေဆုံးသူဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယလေဆိပ်များ၌ A/ H1 N1 တုပ်ကွေးရောဂါစစ်ဆေးမှု ပိုမိုတင်းကျပ်

နယူးဒေလီ မေ ၁၉

ဒူဘိုင်းမှတစ်ဆင့် အမေရိကန်နိုင်ငံမှ ပြန်လာသော လူငယ်တစ်ဦး ဟိုက်ဒရာဘတ်မြို့၌ A/H1N1 တုပ်ကွေးရောဂါဖြစ်နေကြောင်း အတည်ပြုပြီး နောက်တစ်ရက် မေ ၁၇ရက်မှစ၍ A/ H1 N1 တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသည့်နိုင်ငံများမှ ရောက်လာသူများအား အိန္ဒိယအစိုးရက လေဆိပ်များတွင် ရောဂါစစ်ဆေးမှုများ ပိုမိုတင်းကျပ်စွာ စမ်းသပ်စစ်ဆေးလျက်ရှိသည်။

စမ်းသပ်

A/H1N1 တုပ်ကွေးရောဂါဖြစ်သူများမှာ အသက် ၂၃နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ပြန်လာရာ မေ ၁၃ရက်က ဟိုက်ဒရာဘတ်မြို့သို့ ရောက်ရှိခဲ့သည်။ ဖျားနာသဖြင့် ဆေးရုံသီးသန့်ခန်းတွင်ထားကာ ရောဂါလက္ခဏာကို စမ်းသပ် လိုက်သောအခါ A/ H1 N1 တုပ်ကွေးရောဂါ ဖြစ်နေကြောင်း နောက်ဆုံးတွေ့ရှိရသည်။

စစ်ဆေး

၄င်းမှာ အိန္ဒိယနိုင်ငံ၌ ပထမဆုံးသော A/H1N1 တုပ်ကွေးရောဂါဖြစ်သူဖြစ်သည်။ ဝက်တုပ်ကွေးရောဂါလက္ခဏာဟု သင်္ကာမကင်းရှိသူ အမျိုးသမီးတစ်ဦးနှင့် ၄င်း၏ အမေရိကန်ပြန် အသက် ၂၆နှစ် ရှိသားဖြစ်သူတို့ကိုလည်း ဆေးရုံ၌ သီးသန့်ထားရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ပီတီအိုင်

ကျိုက်ထို-မော်လမြိုင်၊ သထုံ-မြိုင်ကလေး လမ်းအပိုင်း ပြုပြင်နေမှုနှင့် ရေဒီယာယ်တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်း(ဘီးလင်း)တည်ဆောက်မှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ ၁၆ရက် နံနက်ပိုင်းက မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သံလွင်တံတား(ဘားအံ)၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ ရောက်ရှိသည်။

ပစ္စည်းများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ကျောင်းအုပ်ကြီးထံ အားကစားပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဘားကပ်ကျေးရွာ၏ ခဲစည်းရိုးကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ်အဝင်လမ်းကျောက်ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

ထပ်ပိုးလွှာခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီ၏ သထုံ-ဘားအံလမ်းအပိုင်းတွင် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ ရန်ကုန်-မြိတ်လမ်း ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ရွှေသံလွင်ကုမ္ပဏီ၏ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရွှေသံလွင်ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာက ကျိုက်ထို-မော်လမြိုင်လမ်းအပိုင်းနှင့် သထုံ-မြိုင်ကလေး လမ်းအပိုင်းလုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရေရှည်တည်တံ့ရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လုပ်ငန်းဆောင်ရွက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဘီးလင်း-ကျိုက်ထိုလမ်းရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ရေဒီယာယ်တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်း(ဘီးလင်း) သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းညွှန်ကြားရေးမှူးက စက်ရုံဆောက်လုပ်မည့် စက်ရုံအဆောက်အအုံများနှင့် အရွယ်အစားများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဘီးလင်းမြို့ရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွင် စက်ရုံအမိုးပြားများပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း စက်ရုံမှူးက ထုတ်လုပ်မည့် တာယာအမျိုးအစားများ၊ တပ်ဆင်ဆောင်ရွက်မည့် စက်အမျိုးအစားများနှင့် စက်ပစ္စည်းရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမိုးပြားများပြုလုပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် စက်ရုံတည်ဆောက်မှု လုပ်ငန်းခွင်ကိုလည်းကောင်း၊ စက်ရုံအမိုးပြားများ ပြုလုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျိုက်ထိုမြို့တွင် ညအိပ်ရပ်နားကြသည်။ **(သတင်းစဉ်)**

Organic Farming ဖော်ဆောင်ခဲ့သော တောင်သူများနှင့် ကိုယ်စားလှယ်များအား ရှမ်းမောမြေကုမ္ပဏီမှ ဂုဏ်ပြု

ရန်ကုန် မေ ၁၉

ရှမ်းမောမြေကုမ္ပဏီ၏ Organic Farming ဖော်ဆောင်ခဲ့သော တောင်သူများနှင့် ဦးဆောင်ခဲ့သော ကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၉ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းရှိ Strand Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းမောမြေကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဉာဏ်လင်းက Organic Farming ဖော်ဆောင်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားသည်။ ထို့နောက် ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ရှမ်းမောမြေ ထုတ်ကုန်ပစ္စည်းများကို သစ်တော သယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအတွက် အထွေထွေ အတွင်းရေးမှူး ဦးအုန်းထံသို့လည်းကောင်း၊ အလားတူ ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ ရှမ်းမောမြေ ထုတ်ကုန်ပစ္စည်းများကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းထံသို့လည်းကောင်း ရှမ်းမောမြေ ကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာက ပေးအပ်လှူဒါန်းသည်။

ဂုဏ်ပြုလွှာ

ဆက်လက်၍ ကိုယ်စားလှယ်များအား လုပ်ငန်းဖော်ဆောင်မှုအလိုက် ကုမ္ပဏီမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ရှမ်းမောမြေကုမ္ပဏီသည် ဖွဲ့မြန်မာ သဘာဝမြေဩဇာ၊ ရွက်စိမ်း ဇီဝရွက်ဖျန်း မြေဩဇာရည်၊ ရွက်စိမ်း သဘာဝရွက်ဖျန်း အပင်အားဖြည့်ဆေးရည် တို့ကိုလည်းကောင်း၊ ချိကုဆန်း(CHI KUSAN) ဝက်နှင့်ကြက် မွေးမြူရေးသုံး ရောဂါကာကွယ် အားဖြည့်ရည်၊ ချိကုဆန်း ငါးပုစွန် မွေးမြူရေးသုံး ရောဂါကာကွယ် အားဖြည့်ရည်၊ ရဲယို သဘာဝအားဖြည့် ဓာတ်စာများ၊ တော်ဝင်ရွက်နု ကျန်းမာရေး လက်ဖက်ခြောက်၊ သီးစုံအားဖြည့်ဓာတ်စားမှုန့် စသည်တို့ကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ကြိုးပမ်းအားထုတ်

အထူးသဖြင့် ရှမ်းမောမြေကုမ္ပဏီသည် Organic Farming ကို ကိုယ်စားလှယ်များ၊ တောင်သူများနှင့်အတူ ဖော်ဆောင်ရင်း Chemical Free ဆန်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်တို့၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးသွားရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

Organic Farming ဖော်ဆောင်လိုသူများ၊ Chemical Free ဆန်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတစ်ဆင့် ရောင်းချလိုသူများနှင့် စားသုံးလိုသူများသည် ရှမ်းမောမြေကုမ္ပဏီ အမှတ် ၁၅၀ (၄၉) လမ်း (အထက်) ပုဇွန်တောင် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၉၇၂၈၊ ၀၉-၅၀-၄၅၈၉၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရည်ရွယ်ချက်များရှင်းလင်း

ရှမ်းမောမြေကုမ္ပဏီ၏ Organic Farming ဖော်ဆောင်ခဲ့သော တောင်သူများနှင့် ဦးဆောင်ခဲ့သောကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် အုပ်ချုပ်မှုဒါရိုက်တာ ဦးဉာဏ်လင်းက Organic Farming ဖော်ဆောင်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၉

သမီးလေးမွေးဖွားပေးလိုက်တဲ့နန္ဒာလှိုင်၊ ရေခဲတက်ငွေ့သုံးကား အဝေးပြေးလမ်း၌ စမ်းသပ်နေသတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၇၇)ကို ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့်မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် မြန်မာနိုင်ငံ နယ်စပ်မှ နိုင်ငံခြားဖုန်းများကိုင်ဆောင်မှု အရေးယူသင့်၊ မြန်မာလေဆိပ်တည် ဆောက်ရေး စီမံကိန်းမှ ဩစတြေးလျကုမ္ပဏီပါဝင်ရန်ကြိုးပမ်း၊ ပြည်တွင်းဆားဈေးကွက်၊ ကားပေါ်သို့တက်စဉ် ခြေချော်ပြီး နောက်ပြန်ပြုတ်ကျရာမှ လူတစ်ဦးသေဆုံး၊ ချက်ဇရွန်က တောင်အာရှ၌ ရင်းနှီးမြှုပ်နှံမှုဆက်လုပ်မည်၊ မြန်မာဆန် တိုက်ရိုက်ဝယ်ယူရေး ဆူဒန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများဆွေးနွေး၊ နေပြည်တော်တွင် လေပြင်းများတိုက်ခတ်မှုကြောင့် စည်ပင်ဧည့်ရိပ်သာအနီးမှ ခေါင်မိုးအချို့လန်သွားပြီး တံခါးမှန်များကွဲခဲ့၊ ငါးပုစွန် အစာဈေးနှုန်းမှာ သကြၤန်နောက်ပိုင်း အနည်းငယ်ကျဆင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ အသက်ရှူချောင်သွား၊ ထောက်ကြန့်ဈေးဟောင်း မြို့ရှောင်လမ်းနှင့် ရန်ကုန်-ပဲခူး လမ်းထောင့်သို့ ရွှေ့ပြောင်းမည်၊ ပူလိုက်အေးလိုက် ကားဈေးကွက်၊ မန္တလေးလေပြင်းကြောင့် မြတောင် ကျောင်းတိုက်မြောက်ဘက်ရှိ ညောင်ပင်အိုကြီး အမြစ်မှကျွတ်ထွက်၊ ရွှေဈေးနှုန်းများကို SMS စနစ်ဖြင့် အခမဲ့ပေးပို့မှု ရွှေဆိုင်များကပြုလုပ်လာ၊ မိဘကျေးဇူးဆပ်သော အဆိုတော်ဂျေးနီ၏ အလှူပွဲ၊ သရုပ်ဆောင် ပိုမိုမြင့်အောင်၏ လက်ထပ်မင်္ဂလာပွဲ၊ ဆေးဆိုးထားသောငါးပိများရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ်သုံးနှစ်ပြစ်ဒဏ်ခံရမည်၊ ဆရာကြီးမင်းသိခ်၏ အယူတော်မင်္ဂလာခြိမှ ကလေးများအတွက် ပညာရေးအထောက်အကူပြုအလှူပွဲ၊ ဆင်မလိုက်သင်္ဘောကျင်းမှ လုပ်သားတစ်ဦးဓာတ်လိုက်သေဆုံး၊ ငါးလကာလအတွင်း တစ်ခါသုံး **GMS Prepaid Card** ရောင်းအား အနိမ့်ဆုံးသို့ ရောက်ရှိနေသော်လည်း ပြင်ပဈေးနှုန်း အပြောင်းအလဲမရှိ၊ နယူးယောက်တွင် **Swine Flu** ကြောင့် ဒုတိယကျောင်းအုပ်ကြီး တစ်ဦးခြောက်ဦးမြောက် သေဆုံးသည့်အတွက် ကျောင်းများ အလုပ်များပိတ်ထားခဲ့၊ အဘယ်ကြောင့် အီရန်အား တိုက်ခိုက်နိုင်ရေးသည် စိတ်ဓာတ်ရေးအရရော စစ်ရေးအရပါ လိုအပ်သနည်း၊ ပါကစ္စတန်က တာလီဘန်အား ဘင်လာဒင်ပုန်းခိုရာနေရာတွင် တိုက်ခိုက်ရန်ရှိ၊ အီရန်အားဖုံးကြိရေးအုပ်စုစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ မေ ၁ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မကွေးမြို့ မြို့ပတ်လမ်း အရှည်ပေ ၇၈၀၀အား တစ်ဖက် သုံးပေစီချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာပေးဟောပြော

မေ ၁၇ ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ခရိုင်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေ မှော်ဘီမြို့နယ်သို့ ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ နယ်လှည့်စစ်ဆေးရာတွင် နန်းဦးဘုန်းကြီးကျောင်း၌ ယာဉ်မောင်းလိုင်စင်ဖြေဆိုသူ ၁၅၈ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုများ လျော့နည်းပပျောက်စေရေးအတွက် ပညာပေးဟောပြောစဉ်။ (ကညန)

20-5 (05).pmd 1 5/20/2009, 2:32 AM

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဘုတလင်မြို့ မြို့နယ် မီးသတ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်

နေပြည်တော် မေ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသည့် ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံက စီမံကိန်း ပြီးစီးမှုအခြေအနေ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လက်ရှိစိုက်ပျိုးရေ ပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးသည် ဆင်တပ်ကျေးရွာ တောင်သူ ဦးကံရှိန်၏ နှမ်းစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက စစ်ကိုင်းမြို့နယ်၏ နှမ်းစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဧရာဝတီမြစ်မှ မြစ်ရေ စုပ်တင်ပြီး ပင်မမြောင်းအတွင်းသို့ ရေတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်ချက်များမှာကြား

ထိုမှတစ်ဆင့် မြင်းမူမြို့နယ် ပျော့ရွာ ကျေးရွာအနီး ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တာဝန်ယူ တည်ဆောက်နေသည့် ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ လုပ်ငန်း တာဝန်ခံက စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်း လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးသည် မူးမြစ်မှ ပင်မမြောင်းသို့ မြစ်ရေစုပ်တင်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်အဖွဲ့ဝင်များသည် ဘုတလင်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး မျက်စိ ဝေဒနာရှင်များအား ထောက်ပံ့ငွေများ ပေးအပ်၍ မျက်စိခွဲစိတ်နေမှုနှင့် စမ်းသပ် နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးသည် မျက်စိဝေဒနာရှင်များ စမ်းသပ်စစ်ဆေး ခွဲစိတ်ကုသရေးလုပ်ငန်း များအတွက် အလှူငွေပေးအပ်ပွဲနှင့် မျက်မှန် တပ်ဆင်ပေးအပ်ပွဲသို့ တက်ရောက် အမှာ စကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ဆက်လက်၍ စေတနာရှင် ပြည်သူ များက မျက်စိခွဲစိတ်ကုသရေးလုပ်ငန်းများ အတွက် အလှူငွေများကိုပေးအပ်ရာ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

မျက်မှန်များတပ်ဆင်ပေး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးက မျက်စိအထူးကုဆရာဝန်ကြီး များနှင့် သူနာပြုများအား ဂုဏ်ပြုပစ္စည်းနှင့် ဂုဏ်ပြုငွေတို့ကို ပေးအပ်ကာ မျက်စိ ဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင် ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မျက်စိစမ်းသပ်မည့်လူနာများ အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးသည် ဘုတလင်မြို့ မြဝတီခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌ များနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာ ရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ ကျရာအခန်းကဏ္ဍမှ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာ များအတွက် အားကစားပစ္စည်းများနှင့် စာသင်ကျောင်းများအတွက် စာရေးကိရိယာ များကိုလည်းကောင်း၊ တိုင်းမှူးက မြို့နယ် မီးသတ်တပ်ဖွဲ့အတွက် မီးသတ်ဝတ်စုံများ ကို လည်းကောင်း တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြို့နယ် မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်

ရန်ကုန် မေ ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရန်ကုန် တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

နေ့အပူချိန်

နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန် တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ် နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်မျှခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ ထူးခြားသည့် မိုးရေချိန်များမှာ သိမ်ဇရပ်မြို့တွင် ၂ဒသမ ၈၃လက်မ၊ မော်ဘီမြို့တွင် ၁ဒသမ ၆၅လက်မနှင့် လားရှိုးမြို့တွင် ၀ဒသမ ၇၁လက်မတို့ ဖြစ်ကြသည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၂၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်း တိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီ တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းအငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

* *ကျောဖုံးမှ*

ခရီးရောက်မဆိုက်ပင် သဘာဝဘေး ကြုံတင်ကာကွယ်မှုများနှင့်ပတ်သက်ပြီး လက်တွေ့ လေ့လာသိရှိနိုင်ရန် ဖျာပုံမြို့ တောင်ဘက် ခုနစ်မိုင်ခွဲခန့် အကွာရှိ ခမင်းဆိပ် Cyclone Shelter သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာ ခဲ့သည်။

မူလတန်းကျောင်းသစ်

လမ်းတွင် မော်ဘီကျေးရွာကို ဖြတ်သန်းစဉ် အသစ် ပြန်လည်တည် ဆောက်ထားပြီးဖြစ်သည့် မော်ဘီ မူလ တန်းကျောင်းသစ်ကို တွေ့မြင်ခဲ့ရသည်။ လေဒဏ်၊ မိုးဒဏ်ခိုင်ခံ့နိုင်အောင် တစ်ထပ် ကျောင်းဆောင်ကို တည်ဆောက်ထားရာ စာသင်ရန်သာမက သဘာဝဘေးဒဏ် လည်း ခိုလှုံနိုင်ရန်အတွက် ရည်ရွယ် ဆောက်လုပ်ထားသည်ကို တွေ့ရသည်။

ဖျာပုံမြို့နယ်အတွင်း ပြီးခဲ့သည့်နှစ် က တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် အထက၊ အလကနှင့် အမကကျောင်း ၂၂၈ ကျောင်း ပျက်စီးခဲ့ရာ ယခုအခါ နိုင်ငံတော်၊ အလှူရှင်များနှင့် ပြည်တွင်း ကုမ္ပဏီများက စေတနာထက်သန်စွာဖြင့် တည်ဆောက်ပေးခဲ့မှုကြောင့် ကျောင်းများ အားလုံး လာမည့် ကျောင်းဖွင့်ချိန်၌ စာသင်ကြားပေးနိုင်တော့မည် ဖြစ်သည်။ တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးနေသော ကျောင်းများကိုလည်း လမ်းတစ်လျှောက် ဖွေးဖွေးလှုပ်နေသည့် အမိုးသွပ်များဖြင့် မြင်တွေ့ခဲ့ရသည်။

စနစ်တကျတည်ဆောက်

ဖျာပုံမြို့မှ နှစ်နာရီခန့် ကားဖြင့်စီးပြီး ၁၅မိနစ်ခန့် လမ်းလျှောက်လိုက်သည်နှင့် လယ်ကွင်းပြင်၌ ထီးထီးမားမားကြီးရှိနေ သော ခမင်းဆိပ် Cyclone Shelter ကို မြင်တွေ့လိုက်ရသည်။ အာရ်စီအမျိုးအစား အဆောက်အအုံကြီးဖြစ်သဖြင့် ထုထည် ကြီးမားကာ လေဒဏ်၊ မိုးဒဏ်နှင့် မုန်တိုင်း ဒီရေဒဏ်တို့ကို ခံနိုင်ရန် စနစ်တကျ တည်ဆောက်ထားခြင်း ဖြစ်သည်။

"ဒီ Cyclone Shelter ရဲ့ အကျယ် အဝန်းက ၁၃၅ပေ ပတ်လည်ရှိပါတယ်။ အာရ်စီအမျိုးအစား အဆောက်အအုံဖြစ်ပြီး မြေညီထပ်အမြင့်က ၁၇ပေ ရှိတဲ့အပြင် ပထမထပ် အမြင့်က ၁၄ပေရှိပါတယ်။ တစ်နာရီ မိုင်တစ်ရာကျော် တိုက်ခတ်တဲ့ မုန်တိုင်းဒဏ်ကို ခံနိုင်ပြီး လူ ၅၀၀ ကျော် သက်သောင့်သက်သာ သဘာဝဘေးဒဏ်မှ ခိုလှုံလို့ရပါတယ်"ဟု ခမင်းဆိပ် Cyclone Shelter တည်ဆောက်ရေး တာဝန်ခံက သတင်းအဖွဲ့သို့ ရှင်းပြသည်။

အသက်ကယ်ကုန်း

အလုပ်သမား ၇၀၀ကျော်ဖြင့် နေ့၊ ည တည်ဆောက်ခဲ့မှုကြောင့် ယခုအခါ ပြီးစီး နေပေပြီ။ ခမင်းဆိပ် Cyclone Shelter နှင့်ကပ်လျက် အမြင့် ၁၇ပေ၊ အလျား ပေ၇၀၀နှင့် အနံပေ ၄၆၀ရှိသည့် အသက် ကယ်ကုန်းနှင့် ရေကန်ကြီးမှာလည်း တည် ဆောက်ပြီးစီးသွားပြီဖြစ်ရာ ကန်ပေါင် အပေါ် မျက်နှာပြင်အကျယ်ပေ ၃၀ ရှိသဖြင့် သဘာဝဘေးဒဏ် ကြုံတွေ့ရပါက ဘေး ကင်းစွာ ခိုလှုံနိုင်ကြမည် ဖြစ်သည်။

ခမင်းဆိပ် Cyclone Shelter ကြီး တည်ဆောက်ရာတွင် အနီးဝန်းကျင်မှ ကျေးရွာသားများအား ထိုက်တန်သော လုပ်ခများပေးခဲ့သဖြင့် ကျေးရွာသားများ လည်း ဝင်ငွေရရှိစေခဲ့သည်။ မိမိတို့အတွက် သဘာဝဘေးဒဏ်မှ ခိုလှုံရာ အဆောက် အအုံလည်း ဖြစ်ထွန်းလာခဲ့ပြီဖြစ်ရာ သား ရွှေအိုးထမ်း အဖြစ်ပင်။

ခိုလှုံနိုင်မည်

ခမင်းဆိပ် Cyclone Shelter ကြီး တည်ဆောက်ပြီးစီးမှုကြောင့် အနီးဝန်းကျင်ရှိ ကနို၊ ကွန်ဒိုင်း၊ တင်ပုလွဲ၊ တင်ပုလဲချောင်းဝ နှင့် ကနိချောင်းဝကျေးရွာများမှ ကျေးရွာ သားများ သဘာဝဘေး ကြုံတွေ့ရပါက အချိန် ၁၅မိနစ်အတွင်း ရောက်ရှိခိုလှုံနိုင် ကြောင်း သိရသည်။

ထို့နောက် ခမင်းဆိပ် Cyclone Shelter အနီး ရေနံတားကမ်းပတ်တာ ကို လေ့လာခဲ့သည်။ လယ်ကွက်များအတွင်း ပင်လယ်ရေငန်များ မဝင်ရောက်နိုင်ရန် ကမ်းစပ်တစ်လျှောက် ပတ်တာဖို့ထားခြင်း ဖြစ်သည်။ အနီးရှိ တင်ပုလွဲကျေးရွာအတွင်း ဝင်ရောက်လေ့လာရာ နာဂစ်ကြောင့် ထိခိုက် ပျက်စီးခဲ့သော နေအိမ်အဆောက်အအုံ များ၊ စာသင်ကျောင်းများအားလုံး ပြင်ဆင် တည်ဆောက်ပြီး ဖြစ်နေသည်ကို မြင်တွေ့ ရသည်။

စပါးခြွေလှေ့

ထိုမှတစ်ဆင့် မြန်မာ့အလင်းသတင်း အဖွဲ့သည် ဒေါ်ငြိမ်းရွာအနီး တည်ဆောက်နေ သော Cyclone Shelter သို့ ဆက်လက် ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက် ငါးဖမ်း လှေများကိုမပြတ်တမ်းတွေ့ရသလိုနွေစပါး အပြီးသတ် ရိတ်သိမ်းနေမှုများကိုလည်း မြင်တွေ့ရသည်။ တချို့က စပါးနယ်ပြီး တချို့က စပါးခြွေလှေ့နေသော မြင်ကွင်း များပင် ဖြစ်သည်။

ဒေါ်ငြိမ်းရွာအနီး တည်ဆောက်နေ သော Cyclone Shelter မှာလည်း လူ ၅၀၀ နှင့် ၁၀၀၀အကြား သဘာဝဘေးဒဏ် ခိုလှုံ၍ရရန် တည်ဆောက်နေခြင်းဖြစ်သည်။ ဤ Cyclone Shelter သို့လည်း အနီး ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံများ သဘာဝဘေးကြုံတွေ့ရပါက အချိန် မိနစ် ပိုင်းအတွင်း ရောက်ရှိခိုလှုံနိုင်မည်ဖြစ်သည်။ ဒေါ်ငြိမ်းရွာ Cyclone Shelter အနီး ရေလွှတ်ကုန်းနှင့် ရေကန်တည်ဆောက်မှု မှာလည်း မုန်တိုင်းဒဏ်နှင့် မုန်တိုင်းဒီရေ ဒဏ်မှ ကင်းဝေးစေရန် ခိုလှုံနိုင်ရေး အတွက်ပင် ဖြစ်သည်။

ဒေါ်ငြိမ်းရွာတွင်လည်း မုန်တိုင်း ဒဏ်ကြောင့်ပျက်စီးခဲ့သည့် နေအိမ်များကို ပြန်လည်တည်ဆောက်ပြီး ဖြစ်နေသည်ကို မြင်တွေ့ရသည်။ ဒေါ်ငြိမ်းရွာသူ ရွာသား များကား ပုံမှန် သွားလာလှုပ်ရှားကာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နေကြပြီ ဖြစ်သည်။

ထို့အတူ အုတ်တွင်း၊ ဘုရားကုန်း၊ ဝါးချောင်း၊ ဝဲကြီးနှင့် ဒေးဒလူရွာများမှ ပြည်သူများသည်လည်း ပုံမှန်လုပ်ငန်းခွင် များ လုပ်ကိုင်နေကြပြီ ဖြစ်သကဲ့သို့ မုန်တိုင်းကြောင့်ပျက်စီးသွားသော နေအိမ် နှင့် စာသင်ကျောင်းများမှာလည်း ပြန်လည် ပြင်ဆင်တည်ဆောက်ပြီး ဖြစ်နေ သည်ကို တွေ့ရသည်။

ကြိုးစားချီတက်

ဒေါ်ငြိမ်းရွာမှအပြန် လမ်းဘေးဝဲယာ တစ်လျှောက်၌ ကျေးရွာများကို လှမ်းမျှော် ကြည့်ရင်း မြန်မာတို့၏အားမာန်အဖြစ် မူလအတိုင်း ပြန်လည်ရှင်သန်စေရန် တစ်နှစ်တာကာလအတွင်း ကြိုးစား နိုးထ နိုင်မှုများက ကမ္ဘာက လေးစားလောက် အောင်ပင်ဖြစ်တော့သည်ကို တွေးတော ကြည်နူးနေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

ကျောင်းဖွင့်ချိန်တွင် ကျောင်းသား များ စာသင်ကြားရန် အသင့်ဖြစ်နေ သော ဖျာပုံခရိုင် ကဒုံကနိကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပြုပြင်ပြီးစီးနေမှုမြင်ကွင်း။

(မြန်မာ့အလင်း)

စာမျက်နှာ ၃ မှ

ရွေးချယ်စိုက်ပျိုး

ဤနေရာတွင် စိုက်ပျိုးသူ တောင်သူများအတွက် မျှတသည့်အကျိုးအမြတ်ရှိရန် လိုအပ်ကြောင်း၊ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မှသာ ပဲမျိုးစုံလုပ်ငန်းနှင့် ဆက်စပ်နေကြသူများ အားလုံးအတွက်လည်း အကျိုးကျေးဇူးရှိမှာဖြစ်ကြောင်း၊ တောင်သူများ ပိုမိုစိုက်ပျိုးနိုင်ရေး ကူညီပံ့ပိုးသွားရန် လိုအပ်သကဲ့သို့ ထွက်ကုန်သီးနှံများကို ဈေးကွက်မတည်ငြိမ်အောင် မလုပ်ဆောင်မိကြရန် လိုအပ်ကြောင်း၊ တောင်သူများအပိုင်းက ဈေးကွက်ရှိပြီး ဈေးကောင်းကောင်းရနိုင်သည့် ပဲမျိုးကို စိုက်လာအောင်၊ စိုက်ပျိုးချင်အောင် အားပေးကြရမှာဖြစ်ကြောင်း၊ ပဲဈေးကွက်၌ ဝယ်လိုအားနှင့်ရောင်းလိုအားကိုအမြဲလေ့လာနေရန် လိုအပ်ပြီး ဝယ်လိုအားကောင်းမည့် ပဲသီးနှံကို ရွေးချယ်စိုက်ပျိုးကြရမှာ ဖြစ်ကြောင်း။

ထို့ပြင် ယနေ့ကမ္ဘာတွင် စားသုံးသူများအနေဖြင့် မိမိတို့စားသုံးကုန်ပစ္စည်းများအား အရည်အသွေးကောင်း မကောင်း စိစစ်သကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်မှုရှိ၊ မရှိကိုလည်း စစ်ဆေးသုံးစွဲလာလျက်ရှိနေကြကြောင်း၊ ဤအချက်ကိုလည်း အလေးထား သတိပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အပြင် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အမြတ်ရရှိရေးအတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်း ဆောင်ရွက်နေခြင်းမျိုး မဖြစ်စေဘဲ အရင်းအနှီးအင်အားတောင့်တင်းအောင် အချင်းချင်းစုဖွဲ့ပြီး ညီညီညွတ်ညွတ် သစ္စာရှိရှိဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကုန်သည်လုပ်ငန်းရှင်များ အပိုင်းက မှန်ကန်သည့် စုဖွဲ့မှုမျိုးဖြင့် မှန်ကန်သောရင်းနှီးမြှုပ်နှံမှု၊ ထိရောက်သည့် သုံးစွဲမှုများ ပြုလုပ်သွားရန်အရေးကြီးကြောင်း၊ နိုင်ငံတော်အပိုင်းက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးရန် အသင့်ရှိကြောင်း။

ဝိုင်းဝန်းကူညီ

နိုင်ငံတော်အစိုးရအနေဖြင့် ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေး ပံ့ပိုးဖြည့်ဆည်းပေးနေသကဲ့သို့ ပြည်ပတင်ပို့ရောင်းချမှုအပိုင်း သွက်လက်လာအောင်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအပိုင်းကလည်း တောင်သူများအား မိမိတို့၏ စီးပွားဖက်များအဖြစ် သဘောထားပြီး စိုက်ပျိုးထုတ်လုပ်မှုကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြည်ပဈေးကွက်ဝင် ပဲမျိုးစုံနမူနာများ၊ ပိုးသတ်ဆေးများနှင့် ကုမ္ပဏီများမှ သွင်းအားစုအဖြစ် တင်သွင်းသည့် ဓာတ်မြေသြဇာများကို ကြည့်ရှုစစ်ဆေးပြီး ဆွေးနွေးပွဲ ပထမပိုင်းအစီအစဉ်များကို ရပ်နားလိုက်သည်။

သုတေသနပြု

ဆက်လက်၍ ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်များကို ကျင်းပရာ ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက မြန်မာ့ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ပဲမျိုးများ သုတေသနပြု ဖော်ထုတ်ပြီး မျိုးပြောင်းလဲစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ပြည်တွင်း ပဲမျိုးစုံအရောင်းအဝယ်လုပ်ငန်းများ မှန်ကန်ရေး၊ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များနှင့် ကုမ္ပဏီများ စုပေါင်း ညီညွတ်စွာဖြင့် ကုန်သွယ်ဖက်နိုင်ငံ ဈေးကွက်အသီးသီးသို့ တိုးမြှင့် တင်ပို့နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့် ဘဏ္ဍာရေးဆိုင်ရာအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထုတ်လုပ်မှုဖွံ့ဖြိုးရေး

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးပွဲ ဦးဆောင်ကြီးကြပ်သူ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် Study Group မှ ဒေါက်တာမောင်မောင်က မြန်မာ့ပဲမျိုးစုံ ကမ္ဘာ့ဈေးကွက်တွင် ဈေးကွက်ရရှိမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ ဦးသန်းကြိုင်က ပဲမျိုးစုံစိုက်ပျိုးမှု၊ထွက်ရှိမှု၊ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပ ရောင်းချရာတွင် တောင်သူစိုက်ပျိုးမှုနှင့် ဈေးကွက်လိုအပ်ချက် ကိုက်ညီမှုရှိ မရှိကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးအောင်နိုင်ဦးက နိုင်ငံတကာပဲမျိုးစုံ စံချိန်စံညွှန်းများနှင့် မြန်မာ့ပဲမျိုးစုံ စံချိန်စံညွှန်းမီရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး သီးနှံကြိတ်ခွဲထုတ်လုပ်မှုဌာန အထွေထွေမန်နေဂျာ ဦးမြင့်ဝင်းက တန်ဖိုးမြင့် ပဲထွက်ကုန်များ ထုတ်လုပ်တင်ပို့ရေးကို လည်းကောင်း၊ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု၊ ကူးသန်းရောင်းဝယ်မှု လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့် ကုန်သွယ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေး ဆောင်ရွက်သင့်သည့် အခြေအနေကိုလည်းကောင်း သုံးသပ် ရှင်းလင်းဆွေးနွေးကြသည်။

ပြန်လည်ဆွေးနွေး

အဆိုပါ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချမှုဆိုင်ရာ သုံးသပ် ရှင်းလင်းဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ပဲအထူးပြု ဦးဆောင်ကုမ္ပဏီများ၊ ပဲမျိုးစုံ ပို့ကုန်လုပ်ငန်းရှင်များ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ကိုယ်စားလှယ်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးတို့မှ ပြည်နယ်နှင့်တိုင်း မန်နေဂျာများက သိရှိလိုသည်များကိုမေးမြန်းကြ၍ ပြန်လည်ဆွေးနွေးကြသည်။

ဖော်ထုတ်ရရှိချက်

ယင်းနောက် ဆွေးနွေးပွဲ ဦးဆောင်ကြီးကြပ်သူများက ဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိချက်များကို တင်ပြကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက နိဂုံးချုပ် အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr.John William Yettaw တို့အား

အမှုဆက်လက်စစ်ဆေးကြားနာ

နေပြည်တော် မေ ၁၉

ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် အမေရိကန်နိုင်ငံသား Mr.John William Yettaw တို့အပေါ် အမှုဖွင့်စစ်ဆေးကြားနာမှုကို ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ဆက်လက်စစ်ဆေးကြားနာသည်။

ဆက်လက်စစ်ဆေးကြားနာ

ဒုတိယနေ့အဖြစ် ၁၉၇၅ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂/ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ တို့အရ စွဲဆိုသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီး ၄၇/၂၀၀၉ အမှုကို ဆက်လက်စစ်ဆေးကြားနာသည်။

ယင်းအမှုတွင် တရားလိုပြသက်သေဖြစ်သော မှုခင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမောင်မောင်ခင်အား ယနေ့တရားရုံးစတင်သည့် နံနက် ၁၀နာရီတွင် ရှေးဦးစွာ စစ်ဆေးခဲ့ရာ ၄င်းသည် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဝင်ရောက်ခဲ့သူ အမေရိကန်နိုင်ငံသားအား စစ်ဆေးရကြောင်း၊ ထိုအမေရိကန်နိုင်ငံသားမှာ မီချီဂန်ပြည်နယ် ဒက်တွိုက်မြို့မှ Mr. John William Yettaw ဆိုသူဖြစ်ကြောင်း၊ ၄င်း၏ပြောကြားချက်အရ မေ ၂ရက်တွင် ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှထုတ်ပေးသောဗီဇာဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိပြီး ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗျူးတီးလဲန်း(၂)ဟိုတယ်၌ တည်းခိုနေခဲ့ကြောင်း၊ မေ ၃ရက် ည ၁၁နာရီတွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားကန်ဘက်ခြမ်း ရေထုတ်မြောင်းအတွင်းမှ ရေကူး၍ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခြံဝင်းအတွင်းရောက်ရှိပြီးနောက် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူနေထိုင်သော အမျိုးသမီးနှစ်ဦးတို့က လက်ခံတွေ့ဆုံစကားပြောခဲ့ကြောင်း၊ ၄င်းတို့သုံးဦးက ရေပုလင်း၊ ဘီစကွတ်၊ ကွတ်ကီးမုန့်များကို ကျွေးမွေးခဲ့ကြောင်း၊ ထမင်းနှစ်ကြိမ်ကျွေးခဲ့ကြောင်း။

သိမ်းဆည်းရမိ

Mr.John William Yettaw သည် ၂၀၀၈ခုနှစ် နိုဝင်ဘာ၃၀ရက်တွင်လည်း အင်းလျားကန်ဘက်မှနေပြီး ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်သို့ ဝင်ရောက်ခဲ့မှုကို စစ်ဆေးသိရှိရကြောင်း၊ ထိုစဉ်က ဝင်ရောက်ချိန်တွင် အိမ်နောက်ဖေးတံခါးအနီး၌ Book of Mormon ဟူသော စာအုပ်ကိုထားရှိခဲ့သည်ဟု ၄င်း၏ပြောပြချက်အရ သိရှိရကြောင်း၊ ထိုသို့သိရှိရသဖြင့် အထက်အရာရှိသို့ ၄င်းကတင်ပြခဲ့၍ ရှာဖွေစေခဲ့ရာ အဆိုပါစာအုပ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ Mr.John William Yettaw ကို ဖမ်းဆီးရမိစဉ်က ၄င်းထံမှ ကင်မရာတစ်လုံးကိုပါ သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းကင်မရာအတွင်းမှ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ရောက်ရှိခဲ့သည့် ဓာတ်ပုံမှတ်တမ်းကိုတွေ့ရှိရကြောင်း၊ ၄င်းကိုယ်တိုင်ပါဝင်သည့် ရုပ်သံဗီဒီယိုမှတ်တမ်းကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း၊ Mr.John William Yettaw ထံမှ ထိုကင်မရာအပါအဝင် ပစ္စည်း ၂၁မျိုးကိုလည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းမှ အထက်ဖော်ပြပါ စာအုပ်အပါအဝင် ပစ္စည်း ၂၃မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း ထွက်ဆိုအစစ်ခံခဲ့သည်ဟု သိရှိရသည်။

ထွက်ဆိုအစစ်ဆေးခံ

ထို့နောက် တရားရုံးက တရားလိုပြသက်သေ အမှတ်(၇) ရဲတပ်ရင်းမှ ရဲအုပ်သန်းနိုင်ကို ဆက်လက်စစ်ဆေးရာ ရဲအုပ်သန်းနိုင်က ၄င်းသည် ပြည်လမ်း တံတားဖြူမှတ်တိုင်အနီး ကန်သာယာဆေးရုံဟောင်း၌ အခြေပြုပြီး မေ ၄ရက် နံနက်မှစတင်၍ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြောင်း၊ မေ ၆ရက် နံနက် ၅နာရီခွဲတွင် အင်းလျားကန်စပ်ဘက်၌ လုံခြုံရေးတာဝန်ကျနေသည့် ရဲဒုတိယတပ်ကြပ်မျိုးလွင်က ၄င်းကို အင်းလျားကန်အတွင်း ပစ္စည်းထုပ်တစ်ခုမျောနေသည်ကို တွေ့သည်ဟု လာရောက်သတင်းပို့ကြောင်း၊ ကမ်းစပ်သို့ သွားရောက်ကြည့်ရှုရာ ကမ်းစပ်နှင့်ကိုက်တစ်ရာခန့်တွင် အထုပ်ကိုတွေ့ရှိရကြောင်း၊ အထုပ်နှင့်ကပ်ပါလာသူမှာ နိုင်ငံခြားသားတစ်ဦးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၄င်းအား ကုန်းပေါ်သို့ဆွဲတင်ပြီး ဘယ်သူလဲဟု မေးရာ Mr. John William Yettaw ဟု ပြောကြောင်း၊ ၄င်းနှင့်အတူ ရေသန့်ဘူးခွံ ငါးလီတာဝင်နှစ်ဘူး၊ အိတ်အသေးနှစ်လုံး၊ ပလတ်စတစ်ဖြင့် ရေမစိုအောင်ပတ်ထားသော ကင်မရာ၊ ပလာယာ၊ ဝက်အူလှည့်၊ လေဆာပါသည့် ခေါက်ပလာယာတစ်ခု၊ Memory Card ခြောက်ခု၊ ဓာတ်ခဲပါဓာတ်မီးတစ်လက်၊ ဓာတ်ခဲအလွတ် ၂၈လုံး၊ ဦးထုပ်တစ်လုံး၊ အင်္ကျီအဖြူအရှည်တစ်ထည်၊ ဘောင်းဘီရှည်တစ်ထည်၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာရွက်ခုနစ်ရွက်၊ ပုံနှိပ်စာလုံးဖြင့် စာရွက်နှစ်ရွက်၊ စာအိတ်နှစ်အိတ်၊ Yettaw အမည်ပါ အမေရိကန်ပတ်စ်ပို့တစ်ခု၊ အမေရိကန်ဒေါ်လာတစ်ရာတန်နှစ်ရွက်၊ မြန်မာငွေကျပ်တစ်ထောင်တန် ၉၃ရွက်၊ အမေရိကန်ဒေါ်လာ ၁၀တန်နှစ်ရွက်၊ ၅၀တန်တစ်ရွက်၊ လိပ်စာကတ်(၁၀)ခုတို့ကို တွေ့ရှိခဲ့ကြောင်း၊ Yettaw ထံမှရရှိသော ကင်မရာအတွင်း တွေ့ရှိသည့် Memory Card များကို ဖွင့်ကြည့်ရာ ဗိုလ်ချုပ်အောင်ဆန်း၏ ပန်းချီကားပုံ၊ ခွပ်ဒေါင်းပုံ၊ စာအုပ်စင်တို့ပါရှိသည်ကို တွေ့ရှိရကြောင်းဖြင့် ထွက်ဆိုအစစ်ဆေးခံထားသည်။

ရှာဖွေသိမ်းဆည်း

တရားလိုပြသက်သေ ရဲတပ်ရင်း(၇)မှ ဒုတိယတပ်ကြပ်မျိုးလွင်ကို ဆက်လက်စစ်ဆေးရာ ၄င်းက တရားလိုပြသက်သေ ရဲအုပ်သန်းနိုင်ထွက်ဆိုသည့်အတိုင်း ထွက်ဆိုခဲ့သည်။

တရားလိုပြသက်သေ သတင်းတပ်ဖွဲ့စစ်ဆင်ရေးဌာနခွဲမှ ဒုတိယရဲမှူးမောင်မောင်မြင့်ကို ဆက်လက်စစ်ဆေးရာ မေ ၆ရက် နံနက် ၅နာရီခွဲခန့်တွင် ရဲတပ်ရင်း(၇) တပ်ခွဲ(၃)မှ ရဲအုပ်သန်းနိုင်က ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်မှ အင်းလျားကန်ကိုဖြတ်ပြီး ရေကူးလာသော အမေရိကန်နိုင်ငံသား Mr.John William Yettaw အား လာရောက်ပို့အပ်ပေးသဖြင့် လက်ခံခဲ့ကြောင်း၊ Mr.John William Yettaw နှင့်အတူပါလာသော ပစ္စည်းများကို သက်သေ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာစိန်၊ ဦးစိုးမြင့်တို့နှင့်အတူ ရှာဖွေသိမ်းဆည်းခဲ့ကြောင်း၊ ရှာဖွေသိမ်းဆည်းသည့် ပစ္စည်းတစ်ခုချင်းကို Mr. John William Yettaw အား ပြသပြီးမှ ရှာဖွေပုံစံ၌ စာရင်းရေးသွင်း သိမ်းဆည်းခြင်းဖြစ်ကြောင်းဖြင့် ထွက်ဆိုသွားကြောင်း သိရှိရသည်။

ယနေ့နံနက် ၁၀ နာရီမှစတင်၍ တရားရုံး၌ တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးခဲ့ရာ တရားလိုပြသက်သေ ဒုတိယရဲမှူးကြီးမောင်မောင်ခင်၊ ရဲအုပ်သန်းနိုင်၊ ဒုတိယတပ်ကြပ်မျိုးလွင်၊ ဒုတိယရဲမှူးမောင်မောင်မြင့်၊ ရှာဖွေသက်သေ ဦးသာစိန်တို့ကို စစ်ဆေးသည်။

လိုက်ပါဆောင်ရွက်

တရားခံ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John William Yettaw တို့၏ တရားရုံးချုပ်ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်၊ ဒေါ်ခင်ထွေးကြွယ်နှင့် အထက်တန်းရှေ့နေ ဦးခင်မောင်ဦးတို့လည်း တရားရုံးသို့ရောက်ရှိ၍ ၄င်းတို့၏ အမှုသည်များအတွက် လိုက်ပါဆောင်ရွက်ခဲ့ကြသည်။ တရားရုံးက အမှုစစ်ဆေးဆောင်ရွက်ချက်ကို ညနေပိုင်းတွင်ရပ်နားပြီး အဆိုပါအမှုများကို ဆက်လက်စစ်ဆေးကြားနာရန် မေ ၂၀ ရက်သို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးမလောင်ခင်
သတိယှဉ်
ကြိုတင်ကာကွယ်ပါ

ပြင်ဆင်ဖတ်ရှုပါရန်

နေပြည်တော် မေ ၁၉

၂၀၀၉ခုနှစ် မေ၁၉ရက်ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသော အမေရိကန်နိုင်ငံသား Mr.John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အား အမှုဖွင့်စစ်ဆေး ကြားနာသတင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေပေးရေးနှင့် သန့်ရှင်းမှုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ (၄၀)အစား နည်းဥပဒေများ(၄၁)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက်
ကျန်းမာရေး

အလူမီနီယမ်ဓာတ်ပါဝင်သော သောက်ရေသန့် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားစေနိုင်ဟုဆို

အလူမီနီယမ်ဓာတ်များပါရှိသောသောက်ရေသန့်များကို သောက်သုံးပါက အသက်အရွယ်ရလာသည့်အခါ အယ်လ်ဇိုင်းမားရောဂါရရှိရန် ရာနှုန်းများကြောင်း ပြင်သစ်နိုင်ငံ ဘော့ဒိုးမြို့ ဆေးသုတေသနဌာနမှ ဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုသည် အလူမီနီယမ်ဓာတ်နှင့်ဆက်စပ်မှုရှိရာ အထူးသဖြင့် သောက်သုံးရေသန့်များတွင် အလူမီနီယမ်ဓာတ်ပါဝင်မှုကို သန့်စင်အောင် မဖယ်ရှားနိုင်ပါက အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားစေနိုင်သည်ဟု ပြင်သစ်ဆေးသိပ္ပံပညာရှင်ဒေါက်တာဗာဂျီနီရွန်နက ပြောကြားသည်။

မထိခိုက်စေနိုင်

ယခင်က သောက်သုံးရေတွင်ပါဝင်သော ဆီလီကာနှင့် အလူမီနီယမ်ဓာတ်များ ပါဝင်မှုသည် လူတို့၏ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု ရှိမရှိကို သုတေသနပြုရန် လိုအပ်သည်ဟူသော အဆင့်၌ထားရှိခဲ့သည်။ ယခင် သုတေသနပြုချက်များအရ ကျန်းမာရေးကို မထိခိုက်စေနိုင်ဟုဆို၏။

သတိပေးပြောကြား

ယခုသုတေသနပြုမှုအရ သောက်ရေသန့်တွင်ပါဝင်သော အလူမီနီယမ်ဓာတ်သည် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားစေရန် တွန်းအားပေးကြောင်း ၄င်းက သတိပေးပြောကြားသည်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဇီဝဘက်ထရီနည်းဖြင့်လျှပ်စစ်မီးထွန်းခြင်းသည် အလွန်ရိုးစင်းလွယ်ကူသောနည်းလမ်းဖြစ် ကျေးရွာတိုင်း၊ အိမ်တိုင်း လျှပ်စစ်မီးလင်းရေး သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး ပါဝင်ဆောင်ရွက်ကြ

● *ရွှေဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် သံတွဲမြို့မှ ငွမြို့သို့ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ငွမြို့ အောင်မင်္ဂလာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငွမြို့ အောင်မင်္ဂလာခန်းမ၌ စာအုပ်၊ စာစောင်များ၊ ဆေးဝါးပစ္စည်းများနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ငွမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦးက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျိန္တလီမြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က ကျိန္တလီမြို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ငွမြို့နယ်သို့လာရောက်ခဲ့ရခြင်းမှာ မြို့နယ်၏ လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးရန်အတွက်ဖြစ်ကြောင်း၊ ယခင်ကလည်း သက်ဆိုင်ရာဝန်ကြီးများက ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ရခိုင်ပြည်နယ်သည် ယခင်က သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့အစည်း အနည်းငယ်ရှိခဲ့သော်လည်း ယခု မိမိတို့တပ်မတော်အစိုးရ လက်ထက်တွင် တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိသည့် ပြည်နယ်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်သောပြည်နယ်တစ်ခုသို့ ရောက်ရှိလာရေးအတွက် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရခိုင်ပြည်နယ်၏ ပထဝီအနေအထားအရ ရိုးမတောင်တန်းကြီး ကာဆီးထားသဖြင့် ပြည်တွင်းဒေသသို့ သွားလာဆက်သွယ်ရန် ယခင်ကခက်ခဲကြောင်း၊ ဤသို့သွားလာ ကူးသန်းရောင်းဝယ်နိုင်မှုခက်ခဲ၍ ပြည်နယ်အတွင်းရှိပြည်သူများ အနေဖြင့် သီးခြားနေထိုင်ခဲ့ရသည့်အတွက် လူမျိုးစွဲ၊ ဒေသစွဲ ကြီးမားခဲ့ရကြောင်း၊ လူမျိုးစွဲ ဒေသစွဲသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် နေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို များစွာထိခိုက်ခဲ့စေကြောင်း။

အလေးထားဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ပြည်သူပြည်သားများအားလုံး ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုပိုမိုရရှိရေးအတွက်ရည်ရွယ်ကာ ပြည်နယ်နှင့် တိုင်းများအားလုံးရှိ ဒေသအသီးသီးသို့ လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ရေးအတွက် လည်းကောင်း၊ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လည်းကောင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ဦးစားပေး အလေးထားကာ ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်တစ်ဝန်းလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာချိန်တွင် ရခိုင်ပြည်နယ်သည်လည်း တစ်ပြိုင်တည်း ပါဝင်ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသော သန္နိဋ္ဌာန်စိတ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မျက်မှောက်ကာလတွင် ရခိုင်ပြည်နယ်အတွင်း ရန်ကုန်-စစ်တွေ၊ ရန်ကုန်-ကျောက်ဖြူ၊ မင်းဘူး-အမ်း ကားလမ်းများ လက်ယှက်ထိုး ပေါ်ပေါက်လာခဲ့ပြီဖြစ်ကြောင်း။

စိတ်အားထက်သန်မှု

ရခိုင်ပြည်နယ်အတွင်း အဓိကကားလမ်းမကြီးဖောက်လုပ်ရာတွင် ပထဝီမြေ အနေအထားအရ လွန်စွာခက်ခဲကြမ်းတမ်းပြီး အတားအဆီးကန့်သတ်ချက်များကို ကျော်လွှားဖြတ်သန်းခဲ့ရကြောင်း၊ ပြည်နယ်ရှိပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြည်နယ်အပေါ် အကျိုးဖြစ်ထွန်းစေရေး စိတ်အားထက်သန်မှုတို့ကြောင့် ရခိုင်ပြည်နယ်တွင် ကားလမ်းမကြီးများ ပေါ်ထွက်လာသည့်အပြင် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဤစစ်တွေ-အမ်း-မင်းဘူး ရထားလမ်းဖောက်လုပ်ရေး ရည်မှန်းချက်သည်လည်း နိုင်ငံတော်အစိုးရ၏ ထက်သန်သောစေတနာ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပြည်နယ်သူ ပြည်နယ်သားတို့၏ ပြင်းပြသော ဇွဲလုံ့လတို့ကြောင့် မကြာမီကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်မှာ ဧကန်မုချဖြစ်ကြောင်း၊ ထို့အပြင် လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင်လည်း သံတွဲလေဆိပ်၊ စစ်တွေလေဆိပ်တို့ကို အဆင့်မြှင့်တင်တိုးချဲ့ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှုကဏ္ဍ အဘက်ဘက်မှ တိုးတက်လာသည်နှင့်အမျှ ပြည်တွင်းဒေသများနှင့် ရခိုင်ပြည်နယ်သည် တစ်ဆက် တစ်စပ်တစ်သားတည်းဖြစ်လာကာ ထပ်တူထပ်မျှ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဤဖွံ့ဖြိုးတိုးတက်မှုများ၏ ရလဒ်အဖြစ် ယခင်က သူစိမ်းပြင်ပြင် သီးခြားဖြစ်နေသည့် အခြေအနေမှ တစ်အူထုံ့ဆင်း မောင်နှမအရင်းပမာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း များစွာ အထောက်အပံ့ ဖြစ်စေမှာဖြစ်ကြောင်း။

စည်းရုံးလှုံ့ဆော်

ပြည်နယ်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရုံမက ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခြေခံပညာကျောင်းများကိုလည်း အဆင့်မြှင့်တင် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် စသည့် အဆင့်မြင့်ပညာရပ်များသင်ကြားနိုင်သည့် တက္ကသိုလ်အသီးသီးကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အဆင့်ဆင့်သောပညာရပ်များကို အေးချမ်းတည်ငြိမ်စွာ သင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်သည် သက်ဆိုင်ရာ

> **လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရုံမက ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိ၊ ထို့အပြင် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် စသည့် အဆင့်မြင့် ပညာရပ်များ သင်ကြားနိုင်သည့် တက္ကသိုလ်အသီးသီးကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်။**

သူငွေး ရေအားလျှပ်စစ်စီမံကိန်း

သူငွေး ရေအားလျှပ်စစ်စီမံကိန်းသည် ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူငွေးချောင်းပေါ်၌ တည်ရှိ၊ လျှပ်စစ်ဓာတ်အား ၁၁၁မဂ္ဂါဝပ် ထုတ်လုပ်၍ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန်နှင့် မဟာဓာတ်အားလိုင်း ကွန်ရက်စနစ်နှင့် ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန် ရည်ရွယ်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဌမြို့(၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

သူငွေး ရေအားလျှပ်စစ်စီမံကိန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဌမြို့ သူငွေးရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်သဖြင့် ကျေပွန်စွာ ထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားအားလုံးသည် ပညာကို လိုလားသောစိတ်၊ အဆက်မပြတ် သင်ယူလိုသောစိတ်၊ အတန်းပညာကို ဆုံးခန်းတိုင်အောင် သင်ယူလိုစိတ်များ ဖြစ်ပေါ်နေအောင် စည်းရုံးလှုံ့ဆော်သွားရမှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ နိုင်ငံတော်ရှိ ကျေးရွာပေါင်း ခြောက်သောင်းလေးထောင်ကျော်တွင် အိမ်တိုင်း မီးလင်းရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဇီဝဘက်ထရီနည်းဖြင့် လျှပ်စစ်မီးထွန်းခြင်းသည် အလွန်ရိုးစင်းလွယ်ကူသော နည်းလမ်းတစ်ခုဖြစ်ပြီး မည်သည့်ဒေသနေရာတွင်မဆို ဆောင်ရွက်နိုင်ကြောင်း၊ ကျေးရွာတိုင်း၊ အိမ်တိုင်း လျှပ်စစ်မီးအလင်းရောင် ရရှိရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များအားလုံးက ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယခု တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဌမြို့နယ်သူ မြို့နယ်သားများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ရောက်ရှိစေရေးအတွက် ကိုယ်တိုင်ပါဝင် လျှောက်လှမ်းလိုသည့် ဆန္ဒရှိကြကြောင်း၊ မည်သူမျှ ကျီးလန့်စာစားနေခဲ့ရသည့်ဘဝသို့ နောက်ကြောင်းပြန်မလှည့်လိုကြောင်း၊ ထို့ကြောင့် ယနေ့ရရှိပြီးဖြစ်သော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း စသည်ဖြင့် အသေးစိတ်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာအုပ်စာစောင်များ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်ပညာရေးမှူးဦးတင်မြင့်၊ မြို့နယ်ဆရာဝန် ဒေါက်တာစံကျော့ခိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဇော်ထွန်းတို့က လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက ဌမြို့နယ်ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ လှူဒါန်းသည့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးကြည်သာက ဌမြို့နယ်အတွက် ဇီဝဘက်ထရီမီးချောင်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းက လက်ခံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စရိတ်သက်သာပြီး ကျေးရွာတိုင်း မီးလင်းစေရေးအတွက် တာရှည်အသုံးခံသည့် ဇီဝဘက်ထရီများကို ကျေးရွာတိုင်း အသုံးပြုနိုင်ရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အားပေးစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌမြို့(၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအားတွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက် ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်ရန်ပုံငွေများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် သူငွေးရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ရခိုင်ပြည်နယ်အတွင်းရှိ ရေအားအရင်းအမြစ်များအနက် သူငွေးရေအားလျှပ်စစ်စီမံကိန်းသည် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူငွေးချောင်းပေါ်၌ တည်ရှိပါကြောင်း၊ တမံအလျား ၂၀၂၈ပေရှိပြီး တမံအမြင့်မှာ ၂၉၈ပေ ရှိပါကြောင်း၊ တမံအမျိုးအစားမှာ ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပါကြောင်းနှင့် သူငွေးရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးမျိုးမြင့်က တမံအုတ်မြစ်စိမ့်ရေတားနံရံလုပ်ငန်းနှင့် သူငွေးစီမံကိန်း ရေလွှဲဥမင်လိုဏ်အထွက်ပိုင်းပေါ်ဘက်မှ Land Slide စတင်ဖြစ်ပေါ်မှုတို့နှင့်စပ်လျဉ်း၍ နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှနေ၍ သူငွေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သူငွေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး သံတွဲမြို့၌ ညအိပ်ရပ်နားကြသည်။

သူငွေးရေအားလျှပ်စစ်စီမံကိန်း

သူငွေးရေအားလျှပ်စစ်စီမံကိန်းသည် ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူငွေးချောင်းပေါ်၌ တည်ရှိသည်။ လျှပ်စစ်ဓာတ်အား၁၁၁မဂ္ဂါဝပ် ထုတ်လုပ်၍ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန်နှင့် မဟာဓာတ်အားလိုင်း ကွန်ရက်စနစ်နှင့် ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန် ရည်ရွယ်သည်။ စီမံကိန်း၏ အဓိကလုပ်ငန်းများဖြစ်သော တမံအုတ်မြစ်စိမ့်ရေတားနံရံလုပ်ငန်းမှာ ပြီးစီးပြီဖြစ်ပြီး ရေလွှဲရေယူ ဥမင်လိုဏ်လုပ်ငန်းများ အမြန်ပြီးစီးစေရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Han Sein Thant Engineering & Trading တို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် မေ ၂၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာမောင်မောင်သိမ်း (မြန်မာ့အာမခံလုပ်ငန်း)က အာမခံထားခြင်းနှင့် လျော်ကြေးတောင်းခံခြင်းလုပ်ငန်းစဉ် ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်းနှင့် သုံးခွမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေးအားပေး

ရန်ကုန် မေ ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းတို့ လိုက်ပါလျက် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ သာသနဓဇတိက မစိုးရိမ်တိုက်သစ်သို့ ရောက်ရှိသည်။

ပန္နက်တင်

ထို့နောက် နှစ်ထပ်ကျောင်းဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆိုပါ ကျောင်းတိုက်အတွင်းရှိ ကျောင်းဆောင် ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ကျောင်းဆောင်အလှူရှင်တို့က ကျောင်းဆောင်သစ်ကို ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ယင်းနောက် ခရမ်းမြို့နယ် ကျုံမရေ ကျေးရွာ၌ အမှတ်(၁) မစိုးရိမ်တံတားဖွင့်ပွဲ အခမ်းအနားကို အဆိုပါ တံတားအနီး၌ ကျင်းပရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များက တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ တံတားထိပ်၌ ဒေသခံပြည်သူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ တိုးချဲ့ တစ်ထပ်ကျောင်းဆောင် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ကျောင်းဆောင်သစ်ကို တိုင်းမှူး၊ ဝန်ကြီးနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ တိုးချဲ့ တစ်ထပ်ကျောင်းဆောင်ဖွင့်ပွဲ အခမ်းအနားတွင် ကျောင်းဆောင်သစ် အတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ကျေးရွာဥက္ကဋ္ဌများထံ ဘိုင်အို ဘက်ထရီနှင့် LED မီးသီးများကို ပေးအပ်သည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့သည် သုံးခွမြို့သို့ ရောက်ရှိကြပြီး လက်ပန်နန်းကလဲ ကျေးရွာအုပ်စု၌ မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်

ဖိလစ်ပိုင်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား ၂၆ဦးသေဆုံး၊ လူ ၂၀ ကျော် ပျောက်ဆုံး၍ အိမ် ၃၀ပျက်စီး

မနီလာ မေ ၁၉

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ပန်တူကန်ပြည်နယ်တွင် မေ ၁၉ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ နေအိမ်များ ပျက်စီးပြီး ၂၆ဦး သေဆုံးကာ လူ ၂၀ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြိုကျ

ဖြစ်ပွားမှုမှာ တောင်ခြေအနီး ကျေးရွာတစ်ရွာပေါ်သို့ တောင်ပေါ်မှ မြေစိုင်ခဲကြီးများ ပြိုကျခဲ့မှုကြောင့် နေအိမ် ၃၀ခန့် ပျက်စီးပြီး လူသေဆုံးမှုနှင့် ပျောက်ဆုံးမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘေးကင်းရာသို့ ရွှေ့ပြောင်း

မိုးဆက်လက် ရွာသွန်းနေသဖြင့် ကျေးရွာသားများအား နေအိမ်မှ ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် တာဝန်ရှိသူများက ဆော်ဩလျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တောင်ကြီး မေ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၅ရက် နံနက်၁၀နာရီက တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက အမှာစကားပြောကြားပြီး လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ရန် ကိစ္စရပ်များကို ဆွေးနွေးသည်။

ဆွေးနွေး

အခမ်းအနားသို့ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်ဦးစီးအရာရှိများနှင့် ၂၈မြို့နယ် ဦးစီးမှူးများ တက်ရောက်ကြသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများသည် ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီညွတ်ရန် စီမံ ဆောင်ရွက်မှု၊ စာငှားကတ်စနစ်ထားရှိမှု၊ စာဖတ်ပရိသတ် တိုးပွားအောင် စည်းရုံးဆောင်ရွက်မှု၊ ရုံးစာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက်များ စာအုပ်တိုးပွားနည်း၊ ရန်ပုံငွေရှာဖွေနည်း ဆွေးနွေးကြပြီး ၂၀၀၉-၂၀၁၀ခုနှစ်အတွက် ချမှတ်ပေးထားသည့် ရည်မှန်းချက်တာဝန် (၁၁)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် စီမံ ဆောင်ရွက်ကြမည့် လုပ်ငန်းများကို ဆွေးနွေးကြသည်။

ဆုံးဖြတ်ချက်

ဆက်လက်၍ မြို့နယ်ဦးစီးမှူးသည် မြို့နယ်အလိုက် ကျေးရွာစာကြည့်တိုက်များ ကွင်းဆင်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် အသုံးစရိတ် ခွဲဝေလျာထားချက် အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက လိုအပ်သည်များကို ဖြည့်စွက်ပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆုံးဖြတ်ချက်များချမှတ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မေ ၁၉

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လက်ရှိအချိန်တွင် လုပ်ကိုင်သင့်ကြောင်း စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၏ သုံးသပ်ချက်များပါသည့် **"ငယ်သော် လှမည်လား"** မျက်နှာဖုံးသတင်းဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၁၉) ထွက်ရှိနေပြီဖြစ်သည်။

ထို့အပြင် ဆရာမောင်စူးစမ်း၏ **"တတိယအမျိုးအစား ဒီမိုကရေစီနှင့် ကောင်တာဝိတ်"**၊ ဆရာဦးကျော်ဝင်း၏ **"နိုင်ငံရေးသမားနှင့် နိုင်ငံပြုသမား၊"** **"ခေတ်ကြီးကို အတင်းပြောင်းနိုင်ပါ့မလား"**၊ "အပူကြောင့် မိုးတိမ်တောင်များ ဖြစ်လာပြီး လျှပ်တစ်ပြက် လေပြင်းများ တိုက်ခတ်ရခြင်းဖြစ်" မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်နှင့် အင်တာဗျူး၊ ဈေးတိုင်းတွင် ဆိုးဆေးကျွမ်းကျင်ပညာရှင်များနှင့် စမ်းသပ်ပစ္စည်းများ ထားရှိပြီး ဆိုးဆေးပါစားသောက်ကုန်သီးနှံများ ရောင်းချသူများအား အရေးယူမည်၊ မြန်မာနိုင်ငံတွင် ပထမဆုံးသော အမျိုးသားသဘာဝ သားရိုင်းဥယျာဉ်ကြီး တည်ထောင်မည်၊ သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းများတွင် မြန်မာသည် အာဆီယံ၌ အအောင်မြင်ဆုံး၊ ဖီဖာကပေးသည့် ကန်ဒေါ်လာနှစ်သိန်းခွဲ နိုင်ငံတကာ ဘောလုံးပွဲများတွင် အသုံးပြုမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အမျိုးသမီး စာရေးဆရာများနှင့် ရသအမြင်"၊ **"ဖြူဖြူကျော်သိန်းနှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာလေးတွေ"** ဖျော်ဖြေရေး သတင်းအပါအဝင် ထွက်ရှိလာသည်။

စင်ကာပူရှိ အကြီးဆုံးတက္ကသိုလ်နှစ်ခုသည် အာရှတက္ကသိုလ်များ ပထမအဆင့် သတ်မှတ်ချက် ထိပ်ဆုံး ၁၄ ခုတွင် ပါဝင်၊ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာသော်လည်း ဘေးအန္တရာယ်အတွက် သံသယရှိနေဆဲ၊ ဂျော်ဂျီယာတွင် စစ်ရေးလေ့ကျင့်မှုက နေတိုးနှင့် ရုရှားဆက်ဆံရေးအား ပိုမိုတင်းမာစေခဲ့၊ ရှစ်လသားအရွယ် သားငယ်လေးအား ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်ရာမှ ကလေးငယ်တွင် မျက်စိအမြင်လွှာ ကင်ဆာဖြစ်နေသည်ကို တွေ့ရှိ၊ ရေအောက်တွင် သွားလာနိုင်သော အတောင်နှစ်ဖက်ပါ ရေငုပ်ရေယာဉ်သစ်တီထွင်၊ **"ဘူရီစိန့်အက်ဒ်မန်မြို့တွင် ကျန်းမာကြံ့ခိုင်ရေးနည်းပြ ကလေးသုံးဦးမိခင် အသတ်ခံရ"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍ စုံလင်စွာ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

TMW Enterprise Ltd. နှင့် Sony Singapore Broadcast and Professional Products Division တို့ ပူးပေါင်းကျင်းပသည့် Sony 3-LCD Projector အသစ်များ မိတ်ဆက်ပွဲတွင် TMW Enterprise Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးဝေလွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အယ်လ်စီဒီ ပရိုဂျက်တာ အသစ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

TMW Enterprise Ltd. နှင့် Sony Singapore Broadcast and Professional Products Division တို့ ပူးပေါင်းကျင်းပသည့် Sony 3-LCD Projector အသစ်များ မိတ်ဆက်ပွဲကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြ ဘုရားလမ်းရှိ Parkroyal Hotel၌ ကျင်းပရာ TMW Enterprise Ltd. မန်နေဂျင်း ဒါရိုက်တာဦးဝေလွင်က ကြိုဆိုနှုတ်ခွန်း ဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် Sony Singapore Head of BPP Marketing Division မှ Senior Marketing Manager Mr.Yuichi Nishii က နှုတ်ခွန်း ဆက်စကား ပြောကြားပြီး Sony Singapore Head of BPP Marketing Division မှ Executive Manager Mr. Thomas Wong က Sony Projector များအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် Sony Projector အသစ်များကို လက်တွေ့သရုပ်ပြသပြီး တက်ရောက်လာကြသူများက Sony Projector များကို ကြည့်ရှုလေ့လာကြသည်။

Sony Projector အသစ်များကို TMW Enterprise Ltd. က ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး Projector များ၏ Function များကိုလည်း ပိုမိုကောင်းမွန်လာအောင် New Projector Line Up အသစ်များကို Sony Business and Professional Products Asia Pacific အနေဖြင့် Visual with Bright Era ဆိုသည့် Theme ကို ဦးတည်ပြီး ပိုမိုကောင်းမွန်သည့် Image၊ သဘာဝကျသည့် Colour များနှင့် ဝယ်ယူသူများ စိတ်ကျေနပ်မှုရအောင် ပြုလုပ်ထားသည်။

Sony Projector များကို အခြေခံကစပြီး အဆင့်မြင့်ရုပ်ရှင်ရုံသုံးအထိ အမျိုးအစားစုံလင်စွာ ထုတ်လုပ်ထားပြီး Sony ၏ ခေတ်မီဆန်းသစ်သည့် နည်းပညာဖြစ်သော 3-LCD နည်းပညာကို ထည့်သွင်းအသုံးပြုထားသည့်အတွက် ပုံမှန်ထက် ပိုမိုကြည်လင်ပြတ်သားသည့် ပုံရိပ်များကို တွေ့မြင်နိုင်မည်ဖြစ်သည်။ အလွယ်တကူ သယ်ယူတပ်ဆင်နိုင်သည့် MX-20 Projector များကိုလည်း ရုံးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည်။

အထူးသက်သာ

ကျောင်းသုံး၊ ရုံးသုံး၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့ အစည်းအသီးသီးအတွက် သင့်လျော်သည့် Projector များအပြင် တိုးတက်ခေတ်မီသော ဝယ်ယူသူများ၏ Lifestyle နှင့် ကိုက်ညီမည့် Full HD Projector များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

နည်းပညာအရ Sony LCD Projector အသစ်များသည် Brightera ဖြစ်သည့် World First HTPS LCD Panel နှင့် Inorganic Alignment Layer နည်းပညာများ ထည့်သွင်းအသုံးပြုထားသည့်အတွက် ပုံရိပ်အရည်အသွေးသည် Hight Contrast ဖြစ်လာမည်။ Reduce Line Flicker ဖြစ်မှုများကို လျှော့ချပေးနိုင်သည်။ ထို့အပြင် Hight Brightness Micro Lens များကို အသုံးပြုထားသည့်အတွက် ပုံရိပ်အရည် အသွေးသည် မှေးမှိန်မှုမရှိဘဲ ကြည်လင်ပြတ်သားသော ပုံရိပ်ကို ဖြစ်စေသည်။

ဝယ်ယူနိုင်

Sony 3-LCD Projector များကို ဝယ်ယူလိုပါက Sony Showroom အမှတ် ၉၀ A/B ကမ္ဘာအေးစေတီလမ်း၊ အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း၊ အမှတ်၂၀ A/B ယောမင်းကြီးလမ်း ရန်ကုန်မြို့၊ အမှတ်၃၅၂ လမ်း ၃၀×၈၂ လမ်းထောင့် အောင်နန်းရှေ့ရိပ်သာ ချမ်းအေးသာစံမြို့နယ် မန္တလေး၊ အမှတ် ၉၃ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြို့မ-တောင်ကြီးမြို့နှင့် အမြို့မြို့အနယ်နယ်ရှိ Dealers ဆိုင်ကြီးများတွင် ရရှိနိုင်သည်။

(သတင်းစဉ်)

TMW Enterprise Ltd. နှင့် Sony Singapore Broadcast and Professional Products Division တို့ ပူးပေါင်းကျင်းပသည့် Sony 3-LCD Projector အသစ်များ မိတ်ဆက်ပွဲတွင် Sony 3-LCD Projector အသစ်များကို ပြသထားစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ရုပ်ရှင်ပြသမည်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် မေ ၂၃ရက် (စနေနေ့) နံနက်စနာရီတွင် ရန်ကုန်မြို့ သမ္မတ ရုပ်ရှင်ရုံ၌ "ဟော့ရှော့-၂" ရုပ်ရှင်ကားကို အထူးပွဲပြသမည် ဖြစ်သည်။ ကြိုတင်လက်မှတ်များကို အမှတ်-၅၂၉ ကုန်သည်လမ်း (ဒုတိယထပ်)ရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖုန်း-၂၅၂၄၁၇နှင့် သမ္မတရုပ်ရှင်ရုံ ဖုန်း-၂၄၉၉၆၂၊ ၂၄၉၉၆၃ တို့တွင် ဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အာစင်ဝင်းဂါး အာဆင်နယ်ကိုကျော့ခိုင်းတော့မည်လော

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-တင်မောင်လွင်(မြန်မာ့အလင်း)

လန်ဒန် မေ ၁၉

"လာမယ့် ဘောလုံးရာသီမှာ မိမိအနေနဲ့ အာဆင်နယ်အသင်းမှာ ရှိနေဖို့ ဆိုတာ မသေချာဘူး"လို့... နည်းပြ အာစင်ဝင်းဂါးက မေ ၁၉ ရက်မှာ ထုတ်ဖော် ပြောကြားလိုက်တာကြောင့် အာဆင်နယ် အသင်း ပရိသတ်တွေ အံ့သြသွားပါ တယ်။

ဆက်ရှိဖို့မသေချာဘူး
အာစင်ဝင်းဂါး

ဖျောင်းဖျ

အာဆင်နယ်အသင်းဥက္ကဋ္ဌ ပီတာ ဟီးလ်ဝုဒ်က အာစင်ဝင်းဂါးနဲ့ တွေ့ဆုံပြီး အာစင်ဝင်းဂါး ကြုံတွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲတွေ ဆွေးနွေးဖျောင်းဖျခဲ့တယ်လို့ဆိုပါတယ်။ တကယ်တော့ ဒီလို ပြဿနာတွေဟာ အသင်းတိုင်း၊ နည်းပြတိုင်း တွေ့ကြုံရတတ်တဲ့ ကိစ္စတွေမို့ ဆုံးဖြတ်ချက်မမြန်ဖို့ မေတ္တာရပ်ခံခဲ့တယ်လို့ ဆိုပါတယ်။

လျော်ကြေး

အာစင်ဝင်းဂါးဟာ အာဆင်နယ် အသင်းနဲ့ စာချုပ်သက်တမ်း ၂၀၁၁ ခုနှစ်အထိ ချုပ်ဆိုထားပါတယ်။ အာစင်ဝင်းဂါးအနေနဲ့ စာချုပ်သက်တမ်း မပြည့်မီ နုတ်ထွက်သွားမယ်ဆိုရင်တော့ လျော်ကြေးငွေ ဒေါ်လာ သန်းနဲ့ချီပြီး ပေးရဖို့ရှိနေပါတယ်။

အာစင်ဝင်းဂါးအနေနဲ့ လက်ရှိ ကြုံတွေ့နေရတဲ့ ပြဿနာတွေကတော့ အာဆင်နယ်အသင်း ဘောလုံးသမားတွေက အာစင်ဝင်းဂါးရဲ့ ပထမပွဲထွက် စာရင်းအပေါ် စိတ်ပျက်နေပြီး အာစင်ဝင်းဂါးရဲ့ အချိန်မီလူစားလဲထည့်မှုဟာ အချိန်ကိုက် မဖြစ်သလို ပွဲချိန်ပြည့်ပါဝင် မကစားရတဲ့ အဒီဘာယောတို့လို ကစားသမားတွေက မကျေမနပ် ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် နည်းပြ အာစင်ဝင်းဂါးကို ဝေဖန်ပြစ်တင်မှုတွေ လုပ်လာပါတယ်။

စိတ်ထိခိုက်

ဒါ့အပြင် ပြီးခဲ့တဲ့ မေ ၁၄ရက်မှာ ကစားခဲ့တဲ့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ကစားတဲ့အခါ အိမ်ကွင်းမှာ မန်ယူကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့လို့ အာဆင်နယ်ဘောလုံး ပရိသတ်တွေက 'အာစင်ဝင်းဂါးထွက်တော့'လို့ဝိုင်းဝန်းအော်ဟစ်ကြလို့ အာစင်ဝင်းဂါးစိတ်ထိခိုက်ခဲ့ရတယ်လို့ဆိုပါတယ်။

မျှော်လင့်ချက်

အာဆင်နယ်အသင်းဟာ ဆုဖလား လက်မဲ့အဖြစ်နဲ့ လေးနှစ်ဆက်တိုက်ရှိလာပြီမို့ ပရိသတ်တွေစိတ်ပျက်မယ်ဆိုလည်း စိတ်ပျက်စရာပါပဲ။ အာဆင်နယ်ကလပ် ပိုင်ရှင်တွေကလည်း အာစင်ဝင်းဂါးရဲ့ လုပ်ဆောင်ချက်တွေကို စောင့်ကြည့်နေပေမယ့် အခုအချိန်အထိ မျှော်လင့်ချက်နဲ့ ယုံကြည်မှုတွေ ရှိနေဆဲပါပဲ။

အပြောင်းအရွှေ့

အာစင်ဝင်းဂါးအနေနဲ့ အာဆင်နယ်အသင်းကိုစွန့်ခွာမယ်ဆိုရင် ရီးရဲမက်ဒရစ်ကခေါ်ယူဖို့ အသင့်ပြင်ဆင်နေတာမို့ အာစင်ဝင်းဂါးဟာ လာမယ့်နွေရာသီ အပြောင်းအရွှေ့မှာ ရီးရဲမက်ဒရစ်ကို ရောက်မရောက်ကတော့ စိတ်ဝင်စားစရာကောင်းနေပါတယ်။ အာစင်ဝင်းဂါးဟာ ဒီနှစ် ပရီမီယာလိဂ် ၃၇ ပွဲကစားပြီးချိန်မှာ ၁၉ပွဲနိုင်၊ ၁၂ပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်တွေနဲ့ တန်းစီဇယားရဲ့ စတုတ္ထအဆင့်မှာ ရပ်တည်နေပါတယ်။

ဆွတ်ခူး

ဒါ့အပြင် ပရီမီယာလိဂ်ဖလား သုံးကြိမ်၊ အက်ဖ်အေဖလား လေးကြိမ်နှင့် ကွန်မြူနတီဖလား ဘောလုံးပြိုင်ပွဲမှာ လေးကြိမ်ဆုဖလား ဆွတ်ခူးပေးထားနိုင်ပါတယ်။ အာဆင်နယ်အသင်း အတွက်ကတော့ အာစင်ဝင်းဂါးဟာ ထိုက်တန်တဲ့ ဆုဖလားတွေရယူနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့ကြောင့် လာမယ့်နွေရာသီမှာ အာဆင်နယ်ကလပ်ကနေပြီး အာစင်ဝင်းဂါး တကယ်ပဲထွက်သွားမလားဆိုတာစောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။**(အင်တာနက်)**

မန်စီးတီး၏ လာမည့်ဘောလုံးရာသီ မာ့ခ်ဟုချ် ဆက်လက်နည်းပြမည်

လန်ဒန် မေ ၁၉

မန်စီးတီးနည်းပြ မာ့ခ်ဟုချ်သည် လာမည့်ဘောလုံးရာသီတွင် အသင်း၌ ဆက်ရှိနေမည်ဟု မန်စီးတီးဥက္ကဋ္ဌခယ်လ်ဒွန်းအယ်လ်မူဘာရက်က အခိုင်အမာပြောကြားလိုက်ခြင်းဖြင့် မာ့ခ်ဟုချ်၏ မန်စီးတီးအနာဂတ်နှင့်ပတ်သက်ပြီး ထင်ကြေးပေးနေမှုများကို အဆုံးသတ်စေခဲ့သည်။

မန်စီးတီးအသင်းကို ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ဩဂုတ်လက ရှိတ်ခ်မန်ဆော ဦးဆောင်သည့် အဘူဒါဘီစီးပွားရေးလုပ်ငန်းစုက လွှဲပြောင်းရယူကာ ပိုင်ရှင်ဖြစ်လာကတည်းက မာ့ခ်ဟုချ်၏အနာဂတ်နှင့်ပတ်သက်ပြီး ထင်ကြေးပေးမှုများ အဆက်မပြတ်ပေါ်ထွက်နေခဲ့သည်။ ထို့အပြင် လာမည့် မေ ၂၄ရက်တွင် အိမ်ကွင်း၌ ဘော်လ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ရာသီနောက်ဆုံးပွဲစဉ်အတွက်လည်း ထူးခြားအောင်မြင်မှုရရှိရန် ဥက္ကဋ္ဌအယ်လ်မူဘာရက်က အစစအရာရာ ပြင်ဆင်စေလျက်ရှိသည်ဟု ဆိုသည်။

မန်စီးတီးကို ဆက်လက်ကိုင်တွယ်မည့် နည်းပြ မာ့ခ်ဟုချ်။

ပြောကြား

မိမိသည် နည်းပြ မာ့ခ်ဟုချ်နှင့် ပတ်သက်ပြီး အရာရာတိုင်းအပြောင်းအလဲ မလုပ်ခဲ့သဖြင့် ထင်ကြေးများထွက်ပေါ်နေမှုကို အံ့အားသင့်ခဲ့ရကြောင်း၊ အချိန်တိုင်းတွင် နည်းပြမာ့ခ်ဟုချ်အား မိမိတို့ယုံကြည်ချက် အမြင့်မားဆုံးထားသည်ဟု ပြောကြားခဲ့ကြောင်း၊ ယခုလည်း ယင်းကဲ့သို့ ထပ်လောင်းပြောကြားခဲ့သည်။

အပြောင်းအလဲမရှိ

လာမည့်ရာသီတွင် မာ့ခ်ဟုချ်သည် မိမိတို့ မန်စီးတီးအသင်း၏ နည်းပြအဖြစ် ဆက်လက် ရှိနေမည်ဖြစ်ပြီး မည်သည့်အရာမျှ အပြောင်းအလဲရှိမည်မဟုတ်ကြောင်း အယ်လ်မူဘာရက်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အေဂျက်ဇ်နှင့် ဆက်သွယ်ဆွေးနွေးခြင်းမပြုခဲ့ အက်ဖ်စီတွမ်တီး၌ ဆက်နည်းပြမည်ဟု မက်ကလာရင်ပြောကြား

အမ်စတာဒမ် မေ ၁၉

အေဂျက်ဇ်အသင်းနှင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟူသော သတင်းများ ကို စတိဗ်မက်ကလာရင်က ပယ်ချခဲ့ပြီး လာမည့်ဘောလုံးရာသီတွင် အက်ဖ်စီတွမ်တီး၌သာ ဆက်လက်နည်းပြမည်ဟု အခိုင်အမာပြောကြားခဲ့သည်။



အက်ဖ်စီတွမ်တီးအသင်း၌သာ ဆက်လက်နည်းပြမည့် အင်္ဂလန်နည်းပြဟောင်း မက်ကလာရင်။

အဆုံးအဖြတ်

အင်္ဂလန်လက်ရွေးစင်နည်းပြဟောင်း မက်ကလာရင်သည် ဟော်လန်၌ ၎င်း၏ ပထမဦးဆုံး ဘောလုံးရာသီမှာပင် နည်းပြကောင်းတစ်ဦးအဖြစ် ဂုဏ်သတင်းမွှေးစွာ ရပ်တည်နိုင်ခဲ့ပြီး တွမ်တီးအသင်းကို ပြည်တွင်းအီးရီဒီဗီဆီဖလား အမှတ်ပေးဇယား၌ ဒုတိယနေရာ၌ရပ်တည်နိုင်အောင် စွမ်းဆောင်နည်းပြနိုင်ခဲ့သည်။ ကေအင်န်ဗွီဘီဘက်ကာဖလားပြိုင်ပွဲတွင်လည်း နောက်ဆုံးဗိုလ်လုပွဲသို့ ရောက်အောင် ပို့ဆောင်နိုင်ခဲ့ပြီး မေ ၁၇ရက်က ကျင်းပသည့် ဗိုလ်လုပွဲတွင် ဟီရန်ဗင်းအသင်းအား ပယ်နယ်တီအဆုံးအဖြတ်ဖြင့်သာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယခုလစောစောပိုင်းက အေဂျက်ဇ်နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သော မာကိုဗန်ဘာစတင်၏ နေရာတွင် အစားထိုးတာဝန်ယူရန် မက်ကလာရင်က ထိပ်ဆုံးမှရေပန်းစားနေသည်ဟု အခိုင်အမာဆိုလျက် ထင်ကြေးသတင်းများ ပြီးခဲ့သည့်သီတင်းပတ်က ထွက်ပေါ်ခဲ့သည်။

ဖွင့်ဟပြောကြား

သို့သော်လည်း အသက်၄၈နှစ်ရှိ မက်ကလာရင်က ၎င်းအနေဖြင့် အေဂျက်ဇ်အသင်းနှင့် တစ်စုံတစ်ရာ ဆက်သွယ်ခဲ့ခြင်းမရှိသကဲ့သို့ အက်ဖ်စီတွမ်တီးမှ ထွက်ခွာရန်လည်း ၎င်းတွင် ရည်ရွယ်ချက်မရှိကြောင်း အေဒီစပေါ့ဝီရယ်လ်အားကစားဂျာနယ်သို့ ဖွင့်ဟပြောကြားခဲ့သည်။ (အင်တာနက်)

စတုဂတ်အသင်း၏ သရဖူရယူရေးအိပ်မက် ဒိုင်ကြောင့်ပျက်စီးခဲ့ရဟု လေးမန်းပြောကြား

ဘာလင် မေ ၁၉

စတုဂတ်အသင်းနှင့် သရဖူရယူရေး ပြိုင်ဘက်အသင်းသည် ကွင်းလယ်ဒိုင်လူကြီး၏ မျက်နှာသာပေးဆုံးဖြတ်ချက်များကြောင့် အကျိုးအမြတ်များ ရရှိခဲ့ကြောင်း၊ သရဖူ ဆောင်းခွင့်ရဖွယ်ရှိသော မိမိ၏အသင်းသည် ယင်းသို့သော မျက်နှာသာပေးမှုကြောင့် သရဖူရယူရေးအိပ်မက် ပျက်ပြယ်ခဲ့ရကြောင်း ဂိုးသမားလေးမန်းက ထုတ်ဖော်ပြောကြားခဲ့သည်။

စတုဂတ်ဂိုးသမား လေးမန်း။



အပြည့်အဝရရှိ

လာမည့် သီတင်းပတ်အကုန်၌ ၎င်းတို့၏သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဆုဖလားရရှိပြီး သရဖူဆောင်းနိုင်ရန် တစ်မှတ်သာလိုတော့သော ဂျာမန်ဘွန်ဒက်စ်လီဂါ ဇယားထိပ်မှ ဝုဖ်စဘတ်ဂ်သည် ကံ၏ဖေးမမှုကို အပြည့်အဝ ရရှိခဲ့ကြောင်း၊ အသက် (၃၉)နှစ်ရှိ ဂျာမနီလက်ရွေးစင်အသင်း ဂိုးသမားဟောင်း လေးမန်းကဆိုခဲ့သည်။

အချိန်ယူခဲ့

ဝုဖ်စဘတ်ဂ်အသင်းသည်ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်များကြောင့် အကျိုးဖြစ်ထွန်းမှုများရှိခဲ့ကြောင်း၊ မိမိအနေဖြင့်ဆန့်ကျင်ဘက်ဆုံးဖြတ်ချက်များကို မကြုံတွေ့ခဲ့ဖူးသောကြောင့် လက်ခံနိုင်ရန် အချိန်ယူခဲ့ရကြောင်း လေးမန်းကဆက်လက်ပြောကြားသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

20-5 (11).pmd 1 5/20/2009, 2:32 AM

မြန်မာဂေါက်သီးရိုက်အဖွဲ့ မလေးရှားသို့ထွက်ခွာ

ရန်ကုန် မေ ၁၉

မလေးရှားနိုင်ငံ Sarawak Golf Association ကကြီးမှူး၍ မေ ၂၁ရက်မှ ၂၄ရက်အထိ မလေးရှားနိုင်ငံ Sarawak Golf Club ၌ ကျင်းပမည့် (၁၀၇)ကြိမ်မြောက် မလေးရှားအပျော်တမ်း အိုးပင်းချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲ(107th Malaysian Amateur Open Championship) တွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက် အားကစားအဖွဲ့သည် ယမန်နေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံ ကူချင်းမြို့သို့ ထွက်ခွာသွားသည်။

မြန်မာဂေါက်သီးရိုက် အားကစားအဖွဲ့ကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးရေးထက်ဒိုးကဦးဆောင်၍ ဂေါက်သီးရိုက် အားကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ အောင်ဝင်း၊ ခင်သူသူ၊ မေလီနှင့် ယဉ်မေမျိုးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ ရမည်းသင်းမြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၄-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီ
ကျင်းပမည့်နေရာ - M3 Food Centre
ဗဟန်းမြို့နယ်အားကစားကွင်းအနီး

အလုပ်အမှုဆောင်အဖွဲ့
ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)။

မင်္ဂလာဆုတောင်း

ဖေဖေ **ဦးလှထွန်း** (ဒုတိယပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)နှင့် မေမေ **ဒေါ်တင်တင်ပြုံး**တို့၏ ၃-၃-၂၀၀၉ ရက်တွင် ကျရောက်ခဲ့သော (၃၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်း ၁၀၀ တိုင် မိသားစုနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းလျက်-

ချစ်သမီးကြီး - မအေးအေးသက်
ချစ်သမီးလတ် - မနှင်းနှင်းသက်
(လက်ထောက်ကထိက၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)
ချစ်သားကြီး - မောင်ဗိုလ်ဗိုလ်ကျော်
(နည်းပြ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)
ချစ်သားငယ် - မောင်မင်းမင်းကျော် (တပ်ကြပ်ကြီးစာရေး)။

အကြိတ်အနယ်ကစားပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည့်

Delta United F.C နှင့် မကွေး F.C

သတင်းမြင်ကွင်း-ဖိုးသော်ဇင် — ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင် — စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၉

MNL Cup Grand Royal 2009 ဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်ကို ယနေ့ ညနေ ၄နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ ဧရာဝတီတိုင်းကိုယ်စားပြု Delta United F.C နဲ့ မကွေးတိုင်းကိုယ်စားပြု မကွေး F.C တို့ တစ်ဂိုးစီ သရေပွဲဖြစ်သွားပါတယ်။

Delta United F.C - တစ်ဂိုး။
မကွေး F.C - တစ်ဂိုး။

အကြိတ်အနယ်

မြန်မာနေရှင်နယ်လိဂ်၏ လစာငွေ အများဆုံး ကစားသမားများဖြစ်သည့် အာဂျင်တီးနား ကစားသမားသုံးဦးကို ကျောရိုးထားပြီး လက်ရွေးစင်ကစားသမားတွေဖြစ်တဲ့ စိုးသီဟအောင်၊ အောင်ကျော်မျိုး၊ ကျော်ခိုင်ဝင်းတို့နဲ့ ပွဲထွက်လာတဲ့ Delta United F.C နဲ့ နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ လွင်ဦး၊ စည်သူဝင်း၊ ဇော်ထက်အောင်၊ ဘိုဘိုအောင်နဲ့ အောင်မြင့်အေးတို့ ပါဝင်ကာ မကွေး F.C တို့ရဲ့ပွဲဟာ ပရိသတ်တွေ အကြိုက်ဖြစ်ခဲ့ရပါတယ်။ တစ်သင်းနဲ့တစ်သင်း အနိုင်ဂိုးရရှိဖို့အတွက် အားကုန်ထုတ်ကစားသွားတာကြောင့်လည်း ပွဲဟာ အကြိတ်အနယ် ရှိခဲ့ပါတယ်။

သရေပွဲဖြစ်ခဲ့

Delta United အသင်းဟာ အာဂျင်တီးနား နောက်ခံလူ လီယွန်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် တိုက်စစ်အားကောင်းတဲ့ မကွေးအသင်းရဲ့ ထိုးဖောက်မှုတွေကို မထိန်းနိုင်တာကြောင့် ဒုတိယပိုင်းမှာ ချေပဂိုး ပြန်ပေးရပြီး သရေပွဲဖြစ်ခဲ့တာဖြစ်ပါတယ်။ မကွေး F.C ဟာ ဒုတိယပိုင်းမှာ အနိုင်ရနိုင်မယ့် ဂိုးသွင်းခွင့်တွေ ရရှိခဲ့ပေမယ့် Delta United ဂိုးသမား သီဟစည်သူ လက်စွမ်းပြကာကွယ်သွားနိုင်ခဲ့ပါတယ်။ အခု သရေပွဲကတော့ MNL CUP ပြိုင်ပွဲရဲ့ ပထမဦးဆုံး သရေပွဲဖြစ်ခဲ့ပါတယ်။

တိုက်စစ်ဆင်

အာဂျင်တီးနား ကစားသမားသုံးဦးနဲ့ စုစည်းလေ့ကျင့်ရက် ငါးရက်သာရရှိသေးတဲ့ Delta United အသင်းဟာ ပွဲအစပိုင်းမှာ အသင်းလိုက်အတွဲမမိဘဲ မကွေး F.C ရဲ့ဖိကစားခြင်းကို ခံခဲ့ရပါတယ်။ စည်သူဝင်းကိုအထောင်တိုက်စစ်မှူးအဖြစ်ထားပြီး အောင်မြင့်အေး၊ ဘိုဘိုအောင်၊ စိုးမင်းနိုင်၊ လွင်ဦး၊ ဇော်ထက်အောင်တို့ရဲ့ ကွင်းလယ်အားနဲ့တိုက်စစ်ဆင်ခဲ့တဲ့ မကွေး F.C အသင်းဟာ Delta United ဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ မကွေးF.C ကံဆိုးသွားတာကတော့ ၁၅မိနစ်မှာ တိုက်စစ်မှူး စည်သူဝင်းရဲ့ ကန်သွင်းချက် ဂိုးဝင်သွားခဲ့ပေမယ့် လူကျွံဘောအဖြစ် သတ်မှတ်ခံခဲ့ရတာပါပဲ။ အဲဒီနောက်ပိုင်းမှာတော့ Delta United အသင်း ပြန်ဖိကစားလာနိုင်ပြီး မိနစ်၂၀မှာ အာဂျင်တီးနား တိုက်စစ်မှူး ရိုဒရီဂိုရဲ့ ခေါင်းတိုက်ချက် တိုင်ထိထွက်သွားခဲ့ပါတယ်။ Delta United အသင်းဟာ အသင်းခေါင်းဆောင်စိုးသီဟအောင်ရဲ့ ဘယ်ခြမ်းမှ အခိုကထား တိုက်စစ်ဆင်ခဲ့ပြီး ၃၄မိနစ်မှာတော့ ဦးဆောင်ဂိုး ရသွားခဲ့ပါတယ်။ စိုးသီဟအောင်ရဲ့ ထောင့်ကန်ဘောကို အာဂျင်နောက်ခံလူ လီယွန် ခေါင်းတိုက်သွင်းရာမှာ မကွေးနောက်ခံလူ လင်းလင်းထွေးနဲ့ထိပြီး ဂိုးဝင်သွားခဲ့တာဖြစ်ပါတယ်။

ဒုတိယပိုင်းပြန်အစမှာတော့ မကွေး F.C ချေပဂိုးပြန်ရသွားပြီး စည်သူဝင်းက အာဂျင်နောက်ခံလူ လီယွန်ကိုလိမ်ခေါက်ပြီး ဂိုးရှေ့ကန်တင်ပေးရာမှာ အောင်မြင့်အေးက လွတ်လွတ်ကျွတ်ကျွတ် ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ သရေဖြစ်ပြီးနောက်မှာတော့ Delta United အသင်း ပြန်ဖိကစားလာနိုင်ပေမယ့် မိနစ်၆၀မှာ လူအပြောင်းအလဲလုပ်ပြီး တိုက်စစ်အားမြှင့်ဖို့ ကြိုးစားခဲ့ပေမယ့် ထင်သလောက် တိုက်စစ်အား မတက်ခဲ့ပါဘူး။ မကွေးF.C အသင်းမှ ထွန်းမင်းဦးရဲ့ ဂိုးဝင်နိုင်တဲ့ အနီးကပ် ခေါင်းတိုက်ချက် နှစ်ကြိမ်ကို Delta United ဂိုးသမား သီဟစည်သူလက်စွမ်းပြ ကာကွယ်နိုင်ခဲ့ပါတယ်။ Delta United ဘက်ကလည်း ဂိုးရနိုင်တဲ့ အခွင့်အရေးတွေ ပြန်ရခဲ့ပေမယ့် အာဂျင်တိုက်စစ်မှူး ရိုဒရီဂို အသုံးမချနိုင်ခဲ့ပါဘူး။ Delta United အသင်းကို ပုသိမ်နဲ့ ဟင်္သာတတို့မှ ပရိသတ်တွေ အပါအဝင် အသင်းပရိသတ်တွေ တစ်ခဲနက်အားပေးခဲ့ ကြသလို မကွေး F.C ပရိသတ်တွေရဲ့ အားပေးမှုကလည်း များပြားခဲ့ကြပါတယ်။ ပရိသတ်တွေ များလာတာနဲ့အမျှ MNL Cupပွဲစဉ်တွေဟာလည်း အကြိတ်အနယ် ဖြစ်လာတာ အမှန်ပါပဲ။

ပြိုင်ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် Delta United F.C အသင်းမှ Manager/Coach ဦးဆန်းဝင်းက သတင်းစာ၊ ဂျာနယ်များ၏ သတင်းသမားများ မေးမြန်းချက်ကို ပြန်လည်ဖြေကြားစဉ်။ (မြန်မာ့အလင်း)

သတင်းစာရှင်းလင်းပွဲတွင် မကွေး F.C အသင်းမှ အသင်းခေါင်းဆောင် လွင်ဦး သတင်းစာ၊ ဂျာနယ်များ၏ မေးမြန်းချက်ကို ဖြေကြားစဉ်။ (မြန်မာ့အလင်း)

အကောင်းဆုံးဆုရ လီယွန် (Delta United)အား IBTC မှ Executive Director ဦးဇော်ထိုက် ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

Delta United F.Cမှာ **ဂိုး**-သီဟစည်သူ၊ **နောက်တန်း**-ထွန်းလင်းအောင်၊ မျိုးဝင်းထွဋ်၊ လီယွန်၊ ဇော်မျိုးမင်း၊ **အလယ်တန်း**-ဖာနန်ဒို (တင်ဇော်မိုး)၊ စိုးသီဟအောင်၊ အောင်ကျော်မျိုး၊ ကျော်ခိုင်ဝင်း၊ **ရှေ့တန်း**- ဆန်းဒေးသိန်း (လှအေးထွေး)နဲ့ ရိုဒရီဂိုတို့ ပါဝင်ကစားခဲ့ကြပြီး မကွေး F.C မှာ **ဂိုး**-မျိုးကျော်အောင်၊ **နောက်တန်း**- ညီညီဝင်း၊ လင်းလင်းထွေး၊ နိုင်လင်းထွန်း၊ ကျော်ကျော်မျိုး၊ **အလယ်တန်း**-ဇော်ထက်အောင်၊ လွင်ဦး၊ အောင်မြင့်အေး (ပြည့်ဖြိုးဦး)၊ ဘိုဘိုအောင် (နန္ဒလင်းကျော်ချစ်)၊ စိုးမင်းနိုင် (ထွန်းမင်းဦး)၊**ရှေ့တန်း**- စည်သူဝင်းတို့ ပါဝင်ကစားခဲ့ကြပါတယ်။

မကွေး F.C နည်းပြချုပ် ဦးကြည်လွင်က "နှစ်သင်းစလုံးအတွက် ထိုက်တန်တဲ့ရလဒ်ပါ။ ပြိုင်ဘက်အသင်းက အာဂျင်တီးနား ကစားသမားတွေပါပေမယ့် ကျွန်တော်တို့ကတော့ ကိုယ့်အသင်းကိုပဲ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ခဲ့ပါတယ်။ ကျွန်တော့်ကစားသမားတွေရဲ့ ကြိုးစားမှုကိုလည်း ကျေနပ်ပါတယ်။ နောက်ပွဲတွေမှာတော့ အနိုင်ရလဒ်ရရှိအောင် ကစားသွားမှာပါ။ နှစ်သင်းစလုံး ကတော့ အနိုင်ရဖို့ ပြင်းပြင်းထန်ထန် ကစားကြလို့ ထိခိုက်ဒဏ်ရာရမှုတွေ ရှိခဲ့ပါတယ်"ဟု ပြောကြားခဲ့ပါတယ်။

Delta United F.C နည်းပြချုပ် ဦးဆန်းဝင်းက "ကျွန်တော်တို့အသင်း ထင်သလောက် ကောင်းကောင်းမကစားနိုင်ခဲ့ဘူး။ တစ်ဦးချင်းရော အသင်းလိုက်မှာပါ လိုအပ်ချက်တွေရှိနေသေးပါတယ်။ အာဂျင်တီးနားတိုက်စစ်မှူး ရိုဒရီဂိုကတော့ ခြေစွမ်းပြနိုင်ဖို့ နည်းနည်းအချိန်ယူရပါဦးမယ်။ နောက်ခံလူ လီယွန်ကတော့ အကောင်းဆုံးဆုနဲ့ ထိုက်တန်ပါတယ်။ လာမယ့်ပွဲတွေမှာတော့ နိုင်ပွဲရယူနိုင်မှာပါ"လို့ ပြောကြားခဲ့ပါတယ်။ ။

Delta United အသင်း၏ ဦးဆောင်ဂိုးကို နောက်ခံလူ လီယွန် ဤကဲ့သို့ ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ (မြန်မာ့အလင်း)

ပေးအပ်ချီးမြှင့်

ပွဲအပြီးမှာ အကောင်းဆုံးဆုရ လီယွန် (Delta United)ကို IBTC မှ Executive Director ဦးဇော်ထိုက်က Grand Royalမှ ချီးမြှင့်တဲ့ ကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

၂၁-၅-၂၀၀၉

အောင်ဆန်းကွင်း

ဥဿာယူနိုက်တက်-ကမ္ဘောဇ F.C ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၅-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၇:၅၀ ၅။ **ကုသမနေး တီဘီဘေး**
ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး
(ဒါရိုက်တာ-ပန်းချီစိုးမိုး)
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ဒီးချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၀ ၉။ Local Talent
၈:၅၀ ၁၀။ အတီးပြိုင်ပွဲ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ သူ့လက်သံ
၄:၄၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၅၀ ၆။ သီချင်းကြီးပဒေသာ
၄:၅၅ ၇။ အကပြိုင်ပွဲ
၅:၀၀ ၈။ **အလျော်အစား**
ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်
(ဒါရိုက်တာ-ကျော်ဇောလင်း)
၅:၁၀ ၉။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်
(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၂၀ ၁၀။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၀ ၁၁။ သက်တံ့ရောင်သံစဉ်
၅:၄၀ ၁၂။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၅ ၁၃။ စူပါတေးသံရှင်ရွေးချယ်ပွဲ (အပိုင်း-၃)
၆:၀၀ ၁၄။ ညနေခင်းသတင်း
၆:၃၀ ၁၅။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၆။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆:၅၅ ၁၇။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၃၀ ၁၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ မြန်မာရုပ်ရှင်
ရွှေနံ့သာစံအိမ်
ရန်အောင်၊ ဝေဠုကျော်၊ စိုးမြတ်သူဇာ၊ နန္ဒာလှိုင်
(ဒါရိုက်တာ-မောင်နန္ဒ)
၂၃။ အစီအစဉ်ပြီး၏။

စာအုပ် စာပေ လူ့မိတ်ဆွေ

ရေ၊ လေနှင့်နေတို့မှ စွမ်းအင်ထုတ်ယူမှု ပုံရိပ်သစ်များ

ရေ၊ လေနှင့်နေတို့မှ စွမ်းအင်ထုတ်ယူမှု ပုံရိပ်သစ်များ ရေ၊ လေနှင့်နေတို့မှ စွမ်းအင်ထုတ်ယူမှု ပုံရိပ်သစ်များ



ရေလှိုင်းအားဖြင့် စွမ်းအင်ထုတ်ယူမည့် နည်းလမ်းသစ်

ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် ဖြစ်ပေါ်လျက်ရှိသော ရေလှိုင်းအားကိုယူကာ စွမ်းအင်ထုတ်ယူရေး နည်းလမ်းသစ်ကို ကနေဒါနိုင်ငံမှ သဘာဝစွမ်းအင်ဆိုင်ရာ သုတေသနပညာရှင်များက တီထွင်လျက်ရှိသည်။ (အပေါ်ပုံ)

ကမ်းလွန်ပင်လယ်ပြင်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ရေလှိုင်းအားများကို သာမန်ထက်နှစ်ဆ စုစည်းရယူနိုင်သည့် ဘော်ယာများထားရှိပြီး ထိုဘော်ယာများမှ တစ်ဆင့် ဂျင်နရေတာကို လည်ပတ်စေကာ စွမ်းအင်ထုတ်ယူခြင်းဖြစ်သည်။

ပင်လယ်နှင့်သမုဒ္ဒရာတို့၏ ရေမျက်နှာပြင်အနေအထား၊ အမြင့်ဆုံး ရိုက်ခတ်နိုင်သည့်ရေလှိုင်းနှင့်အင်အား၊ အနည်းဆုံးရိုက်ခတ်နိုင်သော ရေလှိုင်းအနေအထားကို တွက်ချက်ကာ ယင်းအားနှင့်ညီမျှသော စွမ်းအင်ကို အပြည့်ထုတ်ယူနိုင်အောင် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

ရေလှိုင်းအားမှစွမ်းအင်ထုတ်ယူမှုကို လာမည့် ၂၀၁၁ခုနှစ်မှ စတင်ကာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ယူသုံးစွဲနိုင်ရန် မျှော်မှန်းထားသည်။

(အင်တာနက်)

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

စွမ်းအင်ပိုမိုထုတ်ပေးနိုင်သော လေတာဘိုင်သစ်

နေအိမ်တွင် လိုအပ်သော ဓာတ်အားဖြည့်ဆည်းပေးနိုင်ရန် လေစွမ်းအင်မှ ရယူနိုင်ရေးအတွက် အမေရိကန်စွမ်းအင်သုတေသနပညာရှင်များက လေစွမ်းအင်ပိုမိုရယူနိုင်သည့် လေတာဘိုင်သစ်ကို တီထွင်ထုတ်လုပ်လိုက်သည်။ **(အောက်ပုံ)**

ယခင်ကပြုလုပ်ထားသော လေတာဘိုင်ကို နည်းပညာသစ်များ ထည့်သွင်းပေါင်းစပ် ပြုလုပ်ထားခြင်းဖြစ်သည်။ လေဒလက်သုံးခုနှင့် လေဒလက်အဖျားပိုင်းတွင် ဒလက်ပြား တစ်ခုကို တပ်ဆင်ထားသည်။

လေတိုက်ခတ်မှုအားထက် ပိုမိုထုတ်ပေးနိုင်သော စွမ်းအင်ကိုရရှိစေနိုင်ရန် တာဘိုင်နှင့် ဂျင်နရေတာဆက်စပ်မှုအပိုင်းတွင် နည်းပညာသစ်များ ထည့်သွင်းထားသည်။

လေစွမ်းအင်မှ ဓာတ်အားထုတ်ယူရာတွင် စုစုပေါင်းကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၁၀၀ထက်မပိုသော ငွေကြေးပမာဏဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

လေတာဘိုင်သစ်ကို သုံးစွဲခြင်းဖြင့် အိမ်တွင်းအသုံးပြုသော ဓာတ်အားကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**



နေအိမ်တစ်လုံးအတွက် စွမ်းအင်ဖြည့်ဆည်းပေးနိုင်သော အထူးနေစွမ်းအင်ခံပြားထုတ်လုပ်

နေစွမ်းအင်ကိုအသုံးပြုပြီး အိမ်တွင်း၌ အသုံးပြုသော အလင်းနှင့် လျှပ်စစ်အသုံး အဆောင်ပစ္စည်းများ သုံးစွဲစေနိုင်သော အထူးနေရောင်စွမ်းအင်ခံပြားကို အမေရိကန် စွမ်းအင်သုတေသနပညာရှင်များက ထုတ်လုပ်လိုက်သည်။ (အပေါ်ပုံ)

အဆိုပါ နေရောင်စွမ်းအင်ခံပြားကို ပြည်တွင်းထုတ် သတ္တုပြားဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး နေရောင်ခံပြားအကျယ်မှာ အရှည်လေးပေနှင့် အနံနှစ်ပေခန့်ရှိသည်။ နေအိမ်တစ်လုံးအတွက် နေစွမ်းအင်သုံးစွဲနိုင်ရန်အတွက် စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၀၀ခန့်သာရှိသည်။

နေရောင်စွမ်းအင်ခံပြားကို အသုံးပြုပြီး စွမ်းအင်ထုတ်ယူသုံးစွဲပါက နေအိမ်တွင် ဓာတ်အားသုံးမီးဖို၊ အဝတ်လျှော်စက်၊ ကွန်ပျူတာ၊ ရုပ်မြင်သံကြားနှင့် နေအိမ်လျှပ်စစ် အလင်းရောင် သုံးစွဲနိုင်သည်အထိ အသုံးပြုနိုင်သည်။

နေရောင်စွမ်းအင်ခံပြားများ၏စွမ်းရည် တိုးတက်မြင့်မားလာစေရန် ဆက်လက် တီထွင်သုတေသနပြုလျက်ရှိရာ အနာဂတ်ကာလ၌ အရွယ်အစားသေးငယ်ပြီး စွမ်းအင် များများထုတ်ပေးနိုင်သည့် နေရောင်စွမ်းအင်ခံပြားများ ထုတ်လုပ်သွားမည်ဖြစ်သည်။

(အင်တာနက်)

အာမေးနီးယား သမ္မတနိုင်ငံဆိုသည်မှာ ....

သတင်းအက်ဆေး

အာမေးနီးယားသမ္မတနိုင်ငံသည် အနောက်တောင်အာရှဒေသတွင် တည်ရှိသည်။ ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဤနိုင်ငံ၏ အနောက်ဘက်တွင် တူရကီ၊ မြောက်ဘက်တွင်ဂျော်ဂျီယာ၊ အရှေ့ဘက်တွင် အဇာဘိုင်ဂျန်နှင့်တောင်ဘက်တွင် အီရန် နိုင်ငံတို့ တည်ရှိသည်။

ဤနိုင်ငံ၌ မြင့်မားသောတောင်များနှင့် ဂူများ၊ ရေအိုင်များနှင့် ရေပူစမ်းများကြောင့် နိုင်ငံတစ်ဝန်း ရင်သပ်ရှုမောဖွယ်ရှုခင်းအလှဖြင့် ပြည့်လျှံနေသည်။ ပိုးလမ်းမကြီးပေါ်တွင် တည်ရှိသည့်အတွက်လည်း နိုင်ငံ့သမိုင်းတစ်လျှောက်လုံး ဧကရာဇ်အများအပြား၏ အင်ပါယာနယ်ပယ်အတွင်း ကျရောက်ခဲ့ပြီး အထွေထွေယဉ်ကျေးမှု သြဇာလွှမ်းမိုးမှု များနှင့်ပါ ကြုံတွေ့ခဲ့ရသည်။

မသက်သာ

၁၉၁၅ခုနှစ်နှင့် ၁၉၁၇ခုနှစ်အတွင်း ဆိုဗီယက်လိုလားသူများကို အာမေးနီးယား ပြည်သူများက လက်သင့်ခံထားသည်ဟု အော်တိုမန်အစိုးရက မသက်သာတော့သဖြင့် သူတို့၏ မွေးရပ်ဌာနေ အနာတိုလီယာမှ လူဦးရေ ၆၀၀၀၀၀ နှင့် ၁၅၀၀၀၀၀ကြားရှိ အာမေးနီးယား ပြည်သူတို့ကို အစုအပြုံလိုက်သတ်ဖြတ်ခြင်း သို့မဟုတ် ယနေ့ဆီးရီးယား နိုင်ငံတည်ရှိရာဒေသသို့ မောင်းထုတ်ခြင်း ပြုလေသည်။

၁၉၁၆ခုနှစ်တွင် ဇာဘုရင်အုပ်ချုပ်သည့် ရုရှားက အာမေးနီးယားကို အောင်နိုင်သည်။ အာမေးနီးယားနိုင်ငံက ဂျော်ဂျီယာ၊ အဇာဘိုင်ဂျန်တို့နှင့် မဟာမိတ်ဖွဲ့လိုက်သည်။ ၁၉၁၈ခုနှစ်တွင် အာမေးနီးယားနိုင်ငံသည် လွတ်လပ်သည့် သမ္မတနိုင်ငံဖြစ်လာသည်။ ၁၉၂၀ပြည့်နှစ်တွင် အာမေးနီးယားကို တူရကီနှင့် ရုရှား-ဘော်လရှီဗစ်တပ်များက ကျူးကျော်ဝင်ရောက်သည်။ ဘော်လရှီဗစ်တို့နှင့် နားလည်မှုယူပြီး အာမေးနီးယားဆိုရှယ်လစ် သမ္မတနိုင်ငံဟု ကြေညာခဲ့သည်။ ၁၉၂၂ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု(ယူအက်စ် အက်စ်အာရ်)နှင့် ပူးပေါင်းခဲ့သည်။

၁၉၈၈ခုနှစ်တွင် ဂလပ်စ်နော့ခေါ် ပွင့်လင်းမှုဝါဒကို လက်ကိုင်ပြုလျက် အိမ်နီးချင်း အဇာဘိုင်ဂျန်နိုင်ငံအတွင်းရှိ အာမေးနီးယန်းအများစုနေထိုင်ရာ နာဂေါ်နို-ကာရာဘက်ရှ် ဒေသကို အာမေးနီးယားနိုင်ငံနှင့် ပူးပေါင်းရေးကို အာမေးနီးယားခေါင်းဆောင်များက စတင်လှုံ့ဆော်သည်။

၁၉၈၈ခုနှစ် ဒီဇင်ဘာလတွင် အာမေးနီးယားနိုင်ငံမြောက်ပိုင်း၌ မြေငလျင် လှုပ်သဖြင့် လူပေါင်း ၂၅၀၀၀သေဆုံးပြီး ထောင်ပေါင်းများစွာသော ပြည်သူတို့ အိုးမဲ့ အိမ်မဲ့ဖြစ်ကြရသည်။ ထို့ပြင် မက်ဆာမော နျူကလီးယားစက်ရုံကို ပိတ်လိုက်ရသည်။ ၁၉၉၅ခုနှစ်ရောက်မှ စီးပွားရေးအရ ထိုစက်ရုံကို ပြန်ဖွင့်သည်။ နာဂေါ်နို-ကာရာဘက်ရှ် ပဋိပက္ခသည် ငါးနှစ်လုံးလုံး မကြာခဏ ခေါင်းထောင်လာသည်။ အဇာရီနိုင်ငံသား အများအပြား အိုးအိမ်စွန့်ခွာ သွားကြသည်များလည်းရှိခဲ့သည်။

လျစ်လျူရှု

၁၉၉၀ပြည့်နှစ် ပါလီမန်ရွေးကောက်ပွဲတွင် အာမေးနီးယန်းမျိုးချစ်များက အနိုင် ရပြီး လွတ်လပ်ရေးကြေညာသည်။ သို့သော် ရုရှားအစိုးရက လျစ်လျူရှုနေသည်။ ၁၉၉၁ခုနှစ် စက်တင်ဘာလတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသည်။ ဆိုဗီယက်ပြည် ထောင်စုမှ ခွဲထွက်ရေးကို ပြည်သူ ၉၄ရာခိုင်နှုန်းက ထောက်ခံမဲပေးသည်။ ထိုနှစ် အောက်တိုဘာလတွင် လေဗွန်တာပတ်ထရော့ဆီယံကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက် သည်။ ၁၉၉၁ခုနှစ် ဒီဇင်ဘာလတွင် ဤနိုင်ငံက လွတ်လပ်သောနိုင်ငံများ၏ ခဲသဟာယ အဖွဲ့ (စီအိုင်အက်စ်)သို့ ဝင်ရောက်သည်။ ၁၉၉၂ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာ သည်။ ၂၀၀၁ခုနှစ် ဇန်နဝါရီလတွင် ဥရောပကောင်စီ၏ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာ တော့သည်။

အတည်ပြုပေး

အာမေးနီးယားပါလီမန်က နိုင်ငံသားဖြစ်မှုဆိုင်ရာ သက်သေခံကတ်နှစ်မျိုး ကိုင်ဆောင်ခွင့်ဥပဒေကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် အတည်ပြုပေးသည်။ ဤနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းမြင့်ပြီး နေရာအနှံ့ဆင်းရဲမွဲတေမှု ကြုံရသည့်အထဲ နာဂေါ်နို-ကာရာ ဘက်ရှ် ပဋိပက္ခကြောင့် အိမ်နီးချင်းတူရကီနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့က ကုန်သွယ်ရေး ပိတ်ဆို့ထားလိုက်သည့်အတွက် ဤနိုင်ငံ၏စီးပွားရေးမှာ ထိခိုက်ကျဆင်းလာသည်။ လူဦးရေ သုံးသန်းရှိသည့် ဤနိုင်ငံမှာ လွတ်လပ်ရေးရကတည်းက ပြည်သူအများမှာ ပြည်ပသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်ကြမှုကြောင့် လူဦးရေထက်ဝက် လျော့သွားရသည်။ ယင်းအခြေအနေကို ထိန်းသိမ်းရန် နိုင်ငံသားဖြစ်မှုဆိုင်ရာ သက်သေခံကတ်နှစ်မျိုး ကိုင်ဆောင်ခွင့်ပေးရခြင်း ဖြစ်သည်။

အာမေးနီးယားသမ္မတနိုင်ငံတွင် ရှေးဦးစွာအခြေကျအနယ်ထိုင်သည့် ယဉ်ကျေးမှု မှာ ခရစ်ယာန်ယဉ်ကျေးမှုပင် ဖြစ်သည်။ ပထမဆုံးသော ခရစ်ယာန်ဘုရားရှိခိုးကျောင်း များကို ၄ရာစုနှစ်က တည်ထောင်ခဲ့သည်။ ထို့နောက် ရာစုနှစ်ပေါင်းများစွာ တူရကီ လက်အောက် သို့မဟုတ် ပါရှားထိန်းချုပ်မှုအောက်သို့ ရောက်ရှိပြန်သည်။ ထိုအခါ ယင်းတို့၏ ကြွယ်ဝသောယဉ်ကျေးမှုနှင့် ဗိသုကာလက်ရာ အမွေအနှစ်များကို ရရှိကာ မတူကွဲပြားသည့် အစဉ်အလာထုံးဓလေ့များနှင့် ပေါင်းစပ်သွားရပြန်သည်။ အာမေးနီးယား ဘာသာစကားသည် အင်ဒို-ဥရောပမိသားစုဘာသာစကား၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့သော် အက္ခရာမှာမူ တစ်မူကွဲပြားထူးခြားနေသည်ကို တွေ့နေရသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်**

အင်တာနက် ကျန်းမာရေး

အချိန်ကြာမြင့်စွာ အင်တာနက်၊ ကွန်ပျူတာ အသုံးပြုသူများ အရွယ်ရလာလျှင် ခါးရိုးကျီးပေါင်းတက်ရောဂါ ရရှိနိုင်ဟုဆို

နေ့စဉ်အချိန်ကြာမြင့်စွာ အင်တာနက်နှင့်ကွန်ပျူတာအသုံးပြုသူများ၊ စာရေးသူများသည်အရွယ်ရလာသည့်အခါ ခါးရိုးကျီးပေါင်းတက်ရောဂါရရှိနိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ခံစားရနိုင်

တစ်နေရာတည်း အချိန်ကြာမြင့်စွာထိုင်ပြီး အလုပ်လုပ်သူများအနေဖြင့် ခါးဆစ်ရိုး လှုပ်ရှားမှုနည်းပါးပြီး ခါးရိုးကျီးပေါင်းတက်ခြင်း ဖြစ်ပွားနိုင်မှု အခွင့်အလမ်းများ ကြောင်း၊ ထို့အပြင် ဇက်ရိုးကျီးပေါင်းတက်ခြင်းဝေဒနာလည်း ခံစားရနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

အနေအထား

သို့သော်လည်း အချိန်ကြာမြင့်စွာထိုင်ပြီး အလုပ်လုပ်ရာတွင် အနေအထား မှန်ကန်စွာ ထိုင်ပြီး အလုပ်လုပ်သူများအနေဖြင့် ခါးရိုးကျီးပေါင်းတက်ခြင်းဖြစ်ပွားမှု နည်းသော် လည်း အနေအထားမှန်စွာ ထိုင်ခြင်းမရှိသူများမှာ ခါးရိုးကျီးပေါင်းတက်ခြင်း ပိုမိုဖြစ်ပွား ကြောင်း သိရသည်။

ပုံစံမှန်စွာ

ခါးရိုးကျီးပေါင်းတက်ဝေဒနာ ခံစားရသူ ၂၀၀၀ခန့်ကို သုံးနှစ်ကြာသုတေသန ပြုခဲ့ရာ အင်တာနက်၊ ကွန်ပျူတာနှင့် စာရေးသူများအဖြစ်များသည်ကို တွေ့ရှိရပြီး ပုံစံမှန်ကန်စွာထိုင်လေ့ရှိသူများ မဟုတ်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တရားမပုံစံအမှတ်-၁၃၄

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
မွန်ပြည်နယ်တရားမရုံးတော်၌
၂၀၀၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂

ကွယ်လွန်သူ အမွေရှင် ဒေါ်မြိုင်၏ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

အမှတ်(၂၄)၊မင်းရဲကျော်စွာလမ်း၊ကျိုက္ကစင်ရပ်၊ မုဒုံမြို့၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မြိုင်၏ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် မော်လမြိုင်မြို့၊ မောင်ငံရပ်နေ(ဘ)ဦးစံထူး၏ သမီး ဒေါ်တင်မေက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၉ခုနှစ် ဇွန် ၄ ရက် (၁၃၇၁ ခုနှစ် နယုန်လဆန်း ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူအမွေရှင် ဒေါ်မြိုင်၏ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၉ ခုနှစ် ဇွန် ၄ ရက် (၁၃၇၁ခုနှစ် နယုန်လဆန်း ၁၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်စုံတစ်ရာမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော အမွေထိန်းလက်မှတ်စာရလိုမှု လျှောက်ထားသူ ဒေါ်တင်မေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၉ခုနှစ် မေ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်
ပြည်နယ်တရားသူကြီး။

UD GROUP CO.,LTD.
မီးစက်
5 kW
10 kW
20 kW
24 kW
30 kW
50 kW
Ph: 01-522107
09-8033292

တရားမပုံစံအမှတ်-၉၃

ရောင်းချမည့် အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသော နေ့ရက်အကြောင်း၊

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကို၏ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ကျိုက်မရောမြို့နယ် တရားမရုံး၌
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၇
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၇

ကိုမြင့်ဖေ	**နှင့်**	၁။ ဒေါ်ဝမ်ကြည်	၃။ ဒေါ်စန်းကြည်
		၂။ ဦးမြင့်သာစိန်	၄။ မောင်သန်းထွန်းလေး
ဒီကရီရသူ		**တရားရှုံးများ**	

တရားရှုံးများဖြစ်ကြသည့် ဒေါ်ဝမ်ကြည်၊ ဒေါ်စန်းကြည်၊ မောင်သန်းထွန်းလေး၊ (တစ်ရွာတည်းနေ မောင်နှမ အရင်းအချာများ) ယခင်နေရပ်လိပ်စာ-ကော့ခလိန်ကျေးရွာ၊ (ဈေးပိုင်း)၊ ကျိုက်မရောမြို့နယ် (ယခုနေရပ်လိပ်စာမသိသူများ)နှင့် ဦးမြင့်သာစိန်၊ ယခင်နေရပ်လိပ်စာ-ဓမ္မသတ်ကျေးရွာ၊ ကျိုက်မရောမြို့နယ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

အထက်အမည်ပါအမှုတွင် အမွေပစ္စည်းဖြစ်သည့် ကျိုက်မရောမြို့နယ်၊ ကော့ခလိန်ကျေးရွာရှိ မြေကွက်နှင့်နေအိမ်တို့အား မြေကွက်ကို ကြမ်းခင်းဈေး ငွေကျပ်သိန်း၄၀၊ နေအိမ်အားကြမ်းခင်းဈေး ကျပ်နှစ်သိန်းထားရှိ၍ လေလံတင်ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ကိုမြင့်ဖေက လျှောက်ထားသောကြောင့် သင်တို့သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန်၊ အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၉ခုနှစ် ဇွန် ၄ ရက် မွန်းမတည့်မီ ၁၀နာရီချိန်းဆိုပြီးဖြစ်သည်။

၂၀၀၉ခုနှစ် မေ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **သိန်းဇော် (တ/၂၁၈၉)**
မြို့နယ်တရားသူကြီး၊ကျိုက်မရောမြို့နယ်တရားရုံး။

ပိုလ်ချုပ်လမ်းကတ္တရာခင်း

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဗိုလ်ချုပ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၁ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်သီတာစိုးဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့်အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (၁၃၇)

သီပေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အဆောက်အအုံဆောက်ရန် မြေရွေးချယ်

သီပေါ မေ ၁၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အဆောက်အအုံသစ်ဆောက်လုပ်ရေးအတွက် မြေနေရာရွေးချယ်သတ်မှတ်တိုင်းတာခြင်းကို မေ ၁၂ရက် နံနက်က ရွှေကျောင်းရပ် သရဖီလမ်း၌ကျင်းပရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ကျော်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီး စောဖုန်းမြင့်(ငြိမ်း)၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးသိန်းဝင်း၊ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၀၂၀)

ဘီအေဂျီရေရရှိရေးစီမံကိန်း(ကျောက်ပန်းတောင်းမြို့)ဝန်ထမ်းများနှင့် တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဧပြီ ၂၇ရက်က တောင်သာမြို့နယ် အောင်ချမ်းသာကျေးရွာ ကျေးလက်ရေရရှိရေးအတွက် စက်ရေတွင်းပြင်ဆင်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလှဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဘားအံမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ကုသ

ဘားအံ မေ ၄

တိုင်းရင်းဆေးပညာဦးစီးဌာန ကရင်ပြည်နယ်ဦးစီးဌာနမှူးရုံး ကြီးကြပ်၍ ဘားအံခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများပါဝင်သော ဆေးကုသရေးအဖွဲ့သည် မတ် ၂၄ ရက်က ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ပြည်သူများ ကျန်းမာရေးအတွက် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသရာ ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးလက်ပြည်သူ ၈၅ ဦး လာရောက်ကုသမှု ခံယူကြသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ တိုင်းရင်းဆေးပညာပေး ဟောပြောပွဲကိုကျင်းပရာ ခရိုင်တိုင်းရင်းဆေးမှူးဦးသန်းထွတ်နှင့် လှာကဒေါင်ကျေးရွာအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းမောင် တို့က အမှာစကားပြောကြားပြီး ဘားအံမြို့နယ် တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နော်အေးအေးသင်းက ရာသီကိုချင့်နေထိုင်သင့် ခေါင်းစဉ်ဖြင့် ရာသီချိန်ခါလိုက် ဝတ်စားနေထိုင်သင့်ပုံနှင့် စားသောက်သင့်ပုံတို့ကို ရှင်းလင်းဟောပြောကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဧပြီ ၂၄ ရက်က ရုံးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကျော်လှ ကြပ်မတ်ပေးစဉ်။ (၁၇၆)

ပန်းအလှပင်များ မြေညှိပြုပြင်

ဖားကန့် မေ ၁၂

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် မေ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ကိုဦးနှင့် အဖွဲ့မှ အမှတ်(၁)လမ်းမကြီး တစ်လျှောက်တွင် စိုက်ပျိုးထားသော ပန်းအလှပင်များကို ဖြတ်ညှိပြုပြင်ခြင်း၊ ပေါင်းသင်မြေနုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ပေးကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ခင်ဦးမြို့နယ်၌ မီးသတ်ပညာ သင်တန်းဆင်း

ခင်ဦး မေ ၁၂

ခင်ဦးမြို့နယ် တမာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ အကြိုအခြေခံ မီးသတ်ပညာ သင်တန်း (၁/၂၀၀၉)ဆင်းပွဲကို ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ် အရန်မီးသတ်တပ်ရင်းမှူး ဒုတိယရဲမှူး သန်းဝင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးရဲနိုင်နှင့် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးညိုဝင်းတို့က သင်တန်းဆင်း အမှာစကားပြောကြားကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြသည်။ (၁၈၂)

ပြည်မြို့အနောက် စောင်းတန်းလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကိုမေ ၄ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းဇော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်အစိုးရက ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး တွန်းအားပေးပံ့ပိုးဖြည့်ဆည်းပေးနေ

ကုန်သည်များအနေဖြင့် အမြတ်ရရေးအတွက် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အရင်းအနှီးအင်အားတောင့်တင်းအောင် အချင်းချင်းစုဖွဲ့ပြီး ညီညီညွတ်ညွတ်၊ သစ္စာရှိရှိဆောင်ရွက်

တောင်သူများအား မိမိတို့၏ စီးပွားဖက်အဖြစ် သဘောထားပြီး စိုက်ပျိုးထုတ်လုပ်မှုကို ဝိုင်းဝန်းကူညီပေး

နေပြည်တော် မေ ၁၉

ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ■

ရောဝတီတိုင်း ဖျာပုံမြို့နယ်၏ ကြိုးစားနိုးထမှု မြင်ကွင်း

ရောဝတီတိုင်း ဖျာပုံမြို့နယ် ရွှေစာရံရွာ အသစ်ပြန်လည်တည်ဆောက်ထားမှုနှင့် ရေငန်တားတာ ပြီးစီးနေမှုမြင်ကွင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်	-	မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း	-	ကျော်မြင့်သန်း(လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု	-	တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၉

ဧရာဝတီတိုင်း ဖျာပုံမြို့သို့ရောက်ချိန်သည် မွန်းလွဲ ၁နာရီရှိပေပြီ။ ရောင်းဝယ်လှုပ်ရှား သွားလာနေကြသော ဖျာပုံမြို့သူမြို့သားများကို လမ်းတိုင်းတွင် ပျားပန်းခပ်မျှ မြင်တွေ့ရသည်။ စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်ကားများဖြင့် ဥဒဟိုသွားလာနေကြသည်မှာ ပြီးခဲ့သည့်နှစ်က သဘာဝဘေးဒဏ် ကြုံတွေ့ခံစားခဲ့ရသည့်မြင်ကွင်းနှင့် နှိုင်းယှဉ်၍မရအောင် ခြားနားသွားခဲ့ပါပြီ။

စာမျက်နှာ ၆ ကော်လံ ၁ *

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၉-၅-၂၀၀၉

သိမ်ဖြူ	၂ ဒသမ ၈၃ လက်မ
မော်ဘီ	၁ ဒသမ ၆၅ လက်မ
လားရှိုး	၀ ဒသမ ၇၁ လက်မ

ထူးခြားသည့် နေ့အပူချိန်

(၁၉-၅-၂၀၀၉)

ချောက်	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ်

နေရာ ကွက်ကျား

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။